JEEVAKA

မြတ်ဗုဒ္ဓ၏မိသားစုဆရာဝန်ကြီး

နှင့်

တော်ဝင်နန်းတွင်းသမားတော်ကြီး

# ဇီဝက

ဗော့ဒ္ဓါစရိယာ ရှန်တီ ဆွာရူပ ဗော့ဒ္ဓ



Generated by CamScanner from intsig.com

## About the Author



Name : Shanti Swaroop Baudh.

Father : Late Lala Hari Chand Maurya

Date of Birth : 2 October 1949

Birth Place : Frashkhana, Old Delhi

Scope of work : National V. President–The Buddhist Society of India; Editor–Dhamma-Darpan (Hindi Quarterly); Founder–Baudh Sahitya Academy; Founder–Samyak Prakashan, New Delhi.

Religious Tours: Travelled and visited about all the important places in India and abroad. Delivered Dhamma discourses in several countries especially in Australia, England, France, Hong Kong, Singapore and Nepal etc. Training of Bauddhacharya from Gorakhpur (in 2006).

Occupation : Took voluntary retirement from Central Government after serving 21 years. Presently engaged in Export Business of handmade Paintings.

Specialization : To create and publish Buddhist Paintings depicting Buddhist heritage; Publishing Pictorial Buddhist literature for children; Glorious publication of famous Buddhist treatises; To publish Pali Tipitaka Translations in various Indian Languages.

Books : Has written about 75 books on Buddhist Ideals. Most of them have been translated in English, Punjabi and Burmeses languages.

Awards : Suryaputra Bhaiasahab Ambedkar Jivangaurav Rashtriya Puraskar, 2001; Rashtriya Dr. Ambedkar Aditya Samman, Madhya Pradesh, 2004; Samta Samman, 2007, Maharashtra; Harshavardhan Ratna Award, 2008, Punjab; Loksurya Samman, New Delhi, 2010; Dhammasiri Award, Mahabodhi Society, Kolkata, 2010; Bhartiya Triratna Samman, New Delhi, 2010; Nalanda Bheemratna Prestgious Award, Nagpur, 2010; Dhammaratna Award, Mumbai, 2011. Mahopasak Sharvan Kumar 'Sarman' Smiriti Samman, Metri Times, New Delhi, 2012; Mahamanav Gotam Buddh Samman, Siddharath International, Delhi, 2012, Dhhamachintak National Award, Nagpur, 2012, Manav Mitra Samman, M.P., 2012, Ambedkar in India Award, Kushinagar 2013,

Address : 32/3, Pocket-3, Paschim Puri, New Delhi–63


**SAMYAK PRAKASHAN**

32/3, Paschimpuri, New Delhi-110063 (INDIA)

Mob. 9810249452, 9818390161

email : hellosamyak1965@gmail.com

web : www.samyakprakashan.in


Generated by CamScanner from intsig.com

မြတ်ဗုဒ္ဓ၏မိသားစုဆရာဝန်ကြီး

နှင့်

တော်ဝင်နန်းတွင်းသမားတော်ကြီး

# ဇီဝက

ဗော့ဒ္ဓာစရိယာ ရှန်တိ ဆွာရုပ္ပ ဗော့ဒ္ဓ

SAMYAK PRAKASHAN

Generated by CamScanner from intsig.com

First Burmese Edition : 2008 (Buddhist Era 2552)
မြန်မာဘာသာဖြင့် ပထမအကြိမ်ပုံနှိပ်ခြင်း– ၂၀၀၈ခုနှစ်။ သာသနာသက္ကရာဇ် ၂၅၅၂။

Publisher : SAMYAK PRAKASHAN
32/3, Paschimpuri, New Delhi—110 063
Phone : 6570 6888, 2521 6147
email : budhdharam@bol.net.in
web : www.samyakprakashan.com.

© All rights reserved

**Price : Rs. 50**
တန်ဖိုး– ရူပီး ၅၀၊–

| | |
|---|---|
| Title | : JEEVAK—THE BUDDHA'S PHYSICIAN |
| Writer | : Shanti Swaroop Baudh |
| Burmese | : Myint Than Htu |
| Art Work | : Shant Kala Niketan |
| Type Setting | : Sundeep Art & Graphics |

Printers : Gautam Printers. New Delhi–63

# အမှတ်တရ ရည်ညွှန်းချက်ဖြင့်



အလွန်တရာ ကရုဏာတရားနှင့် ပြည့်စုံပြီး တုနှိုင်းမရသည့် သမားတော်ကြီး ဆရာကြီး ဇီဝကကုမ္မာရဘာရတ္တယ (Jeevak Komara Bhratya) ကို အထူးအောက်မေ့ အမှတ်တရ ဂုဏ်ပြုခြင်းအားဖြင့်၎င်း။

တဖန် လူမျိုးမရွေး၊ ဘာသာမရွေး အဆင့်အတန်းမရွေး ရောဂါဘယ ခံစားနေကြရသည့် လူပုဂ္ဂိုလ်၊ သဗ္ဗေသတ္တာ ဝေနေယျာအပေါင်းတို့အား မေတ္တာကရုဏာဖြင့် အခမဲ့ ဆေးဝါးကုသ လှူဒါန်းခဲ့သည့် ကျေးဇူးရှင် အဘိုးဖြစ်သူ (ကွယ်လွန်သူ) ဆေးဆရာကြီး ချောင်ဒရီဒီဗီဒစ်ဂျီး ( Grandpa Chaudhari Devidas Ji ) အား ကျေးဇူးဆပ်ခြင်းအားဖြင့်၎င်း ဤစာအုပ်ကို ရေးသားပါသည်။

Generated by CamScanner from intsig.com

# "ထုတ်ဝေသူ၏အမှာ"

လူမျိုးစုနှင့်အုပ်စုစုခွဲများ၊ လူနေမှုမညီမျှမှုများ၊ ဇာတ်စံနစ် ခွဲခြားသည့် မထိရ၊ မတို့ရအယူအဆများ၊ မျိုးရိုးမျက်နှာ လိုက်မှုများ၊ ဘာသာအယူစွဲသည့် မျက်ကန်းမျိုးချစ်စိတ်များ၊ ဒေသနေရာစွဲများနှင့် အထိန်းအကွပ်မရှိ အဂတိလိုက်စား မှုများ ကြီးထွားနေသော ဤဒေသကြီးအတွင်း ကျွန်ုပ်တို့၏ စစ်မှန်သော အတွေးအမြင်နှင့်တင်ပြမှုများသည် အသေအချာ ကြည့်ရှုပါလျှင် ဖေါက်ပြန်သည့်အယူအဆတို့ကြောင့် နောက်ကွယ်သို့ တွန်းပို့ခြင်းခံနေရဆဲ ဖြစ်ပါသည်။ အမှန် တရားနှင့်ထိတွေ့နိုင်မှု၊ အကျင့်စာရိတ္တမြှင့်တင်နိုင်မှုစသော အကြောင်းတရားတို့မှာပျောက်ဆုံးနေဆဲ ဖြစ်ပါသည်။ သို့ဆိုပါလျှင် ကျွန်ုပ်တို့၏ နောင်လာနောက်သား မျိုးဆက်များ၏ အနာဂါတ်ဘဝများအား ဤမကောင်းဆိုးဝါးမီးတို့၏ ဝါးမျို ခြင်းကိုလှစ်လျူရှုခံကြတော့မည်လား။

ဤသမိုင်းပေးတာဝန်နှင့် မြင့်မြတ်သော ရည်မှန်းချက်များကို ဦးထိပ်ထား၍ Samyak Prakashan သည် အခက်အခဲ များစွာကြားမှ အနာဂါတ် မျိုးဆက် သစ်များ၏ နမ်ပိုင်းဆိုင်ရာ၊ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တလမ်းကြောင်း မှန်ကန် ရေးအတွက် စံပြုအတုယူဘွယ်ကောင်းသော ရှေးရှေးပုဂ္ဂိုလ်ထူးများနှင့် မျက်မှောက်ကာလ ပုဂ္ဂိုလ်ထူးများ၏ ဘဝအတ္ထုပ္ပတ္တိများကို ဘာသာပြန်ဆို ရေးသားထုတ်ဝေအပ်ပါသည်။

ထို့ပြင် ရေးသားတင်ပြပုံများကိုလည်း ရိုးရိုးရှင်းရှင်းနှင့် လွယ်ကူချောမွေ့သော ခေတ်နှင့်အညီတင်ပြပုံတို့ကြောင့် ဖတ်ရှုရလွယ်ကူပြီး ဘဝနှင့်အကျင့် စာရိတ္တမြှင့်တင်ရေး အတွက် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်မိပါသည်။ အကယ်၍ စာဖတ်ပရိသတ်ထံမှ ကောင်းမြတ်သောတုန့်ပြန်မှုနှင့်အကြံပြုချက်များရရှိပါက ကျွန်ုပ်တို့အနေဖြင့် ဤကဲ့သို့သော စာအုပ်များကို ရွာနေအိမ်သုံးနှင့်စာကြည့်တိုက်သုံးအတွက် ဘာသာပြန်ဆိုထုတ်ဝေရန် ရည်ရွယ်ချက် ရှိပါသည်။ စာဖတ်သူတို့၏ ဝေဖန်အကြံပြုချက်များကိုလည်း ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာ လက်ခံလိုပါသည်။ ကျွန်ုပ်တို့၏ စာအုပ်နှင့် အစီအစဉ်များထဲမှ မြတ်ဗုဒ္ဓခေတ်မှ စံပြပုဂ္ဂိုလ်တဦး၏အတ္ထုပ္ပတ္တိကို ယခုကဲ့သို့ရိုက်နှိပ်ထုတ်ဝေနိုင်ခြင်းအတွက် အလွန်တရာမှပင် ကျေနပ်နှစ်သိမ့်မိပါသည်။ ကျွန်ုပ်တို့နှင့်အတူ စာဖတ်သူများလည်း ကြိုက်နှစ်သက်လိမ့်မည်ဟု ရိုးသားစွာ ယုံကြည်မိပါသည်။

(သတ္တဝါအများ ချမ်းသာကြပါစေ)　　　　ဘဒ္ဒရသီလ ရာဝတ

# အဘိုးတန် စွန့်စားမှုတရပ် (သို့မဟုတ်) ရွှေခြေလှမ်းတလှမ်း

အိန္ဒိယနိုင်ငံသည် နမ်ပိုင်းဆိုင်ရာတွေးခေါ်သူများနှင့် အတွေးအခေါ် ပညာရှင်များ၏ ဘူမိနက်သန်ဌာနေဖြစ်ကြောင်း လူတိုင်းသိရှိကြပြီးဖြစ်ပါသည်။ အခြားသော နိုင်ငံအတော်များ များတွင် သူတို့နိုင်ငံသား အတတ်ပညာရှင် အတွေးအခေါ် ပညာရှင်များကို နှိပ်ကွပ်ခြင်း၊ စော်ကားခြင်း၊ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်းများနှင့် မတရား စွပ်စွဲခြင်းများရှိပါသည်။ သို့သော် ထိုပညာရှင်တို့၏အတွေးအခေါ်၊ အယူအဆများကိုမူ ဆက်လက်ထိန်းသိမ်း ထားနိုင်ကြပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင် မူကား ထိုကဲ့သို့နှိပ်ကွပ် စော်ကားပြုမှု ယုံမျှမက ဤကဲ့သို့သော ပညာရှင်၊ အတွေးခေါ်ပညာရှင်တို့၏ ဥပဒေသများ၊ အတတ်ပညာများ၊ အယူအဆများကိုပါ အပြီးအပိုင် သုတ်သင်ရှင်းလင်းခြင်း များကိုပြုလုပ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့လူများသည် ထိုသို့ပြုမှုစော်ကား ရန်သူကြီးများအဖြစ် ပြစ်တင်ဖယ်ရှား ယုံမျှအားမရ ဇာတ်စံနစ်၏ အနိမ့်ဆုံးဖြစ်သော မတို့မထိရ လူတန်းစားများ(Un-touchables) အဖြစ် တံဆိပ်ခတ် သတ်မှတ် လိုက်ကြပါသေးသည်။ ဥပမာဆိုရလျှင် မဟာဘာရတကျမ်းတွင် စစ်ဆန့်ကျင် ရေးနှင့် ငြိမ်းချမ်းရေးကို တွေးခေါ်ခဲ့သူ ယထာဘူတ အတွေးအခေါ်ပညာရှင်ကြီး ချာဝက္က(Charvek)အား အရှင်လတ်လတ်မီးရှို့သတ်ခဲ့ကြောင်း ဖေါ်ပြထား ခြင်းကိုထောက်ရှု၍၎င်း၊ ထိုနည်းတူစွာပင် ရာမယနကျမ်း(The Valmiki Ramayana,Ayodhya Episode, Chapter 109, Verse 34) ၌ ဗုဒ္ဓနှင့် ဗုဒ္ဓ၏နောက်လိုက်များအား သူခိုးတယောက်ကို စွပ်စွဲသကဲ့သို့ စွပ်စွဲရမည်ဟု တိုက်တွန်းရေးသားထားခြင်းကို ထောက်ရှု၍၎င်း၊ သိနိုင်လေသည်။

ဓမ္မဒိဌာန်နှင့်ယထာဘူတအတွေးအခေါ်များ၊ ဆေးသိပ္ပံပညာများကို အစဉ် သဖြင့် ဆန့်ကျင်ခဲ့သော ဇာတ်ခွဲခြားမှုစနစ်အစွဲကြောင့်၎င်း၊ အိန္ဒိယလူမှုအသိုင်း အဝန်း၏ ပြစ်ပယ်မှုကြောင့်၎င်း၊ ဗုဒ္ဓ၏သမားတော်ကြီး၊ ဗုဒ္ဓ၏နောက်လိုက် ဥပသကာ ဆရာကြီးဇီဝက၏အမည်သည်၎င်း၊ သူ၏အလွန်အဖိုးထိုက်သော

Generated by CamScanner from intsig.com

ဆေးပညာသိပ္ပံကျမ်းသည်၄င်း၊ ကွယ်ပျောက်ခဲ့ရလေသည်။ ဤဆရာကြီး၏ ဆေးကျမ်းများသည် လူသားတို့အတွက် မည်မျှအဖိုးထိုက်တန်လိုက်ပါသနည်း။ ဆေးသိပ္ပံသည် လူသားများစွာကို ရောဂါဘယအသီးသီးမှ ကာကွယ်ပေးနိုင်၏။ လူသား တို့၏ ကျန်းမာရေးအတွက် အလွန်အသုံးဝင်၏။ သို့သော်ကျွန်ုပ်တို့ ရှေးပဝေသဏီ ကြီးကျယ်လှပါသည်ဆိုသော လူမှုအဆောက်အအုံကြီးမှ လူများသည် ဆေးသိပ္ပံပညာနှင့် သမားတော်ကြီးများကို မထိမတို့ရဇာတ်များ (Untouchables) အဖြစ်ကြေငြာခဲ့လေသည်။ ယဇုရ်ဝေဒကျမ်း (Yajurveda) တွင် ဆေးသိပ္ပံနှင့်သမားတော်ကြီး များ၏ နတ်ဘုရားဖြစ်သော အက်စ်ဝိနီ(Aswini) အား လူသားများနှင့် ရောယှက်နေထိုင်၍ ဆေးကုသခြင်း၊ အလုပ်ကိုလုပ်သည်ဟု စွပ်စွဲ၍ မြင့်မြတ်သောအဖြစ်မှရုပ်သိမ်းကြောင်း ဖေါ်ပြခဲ့သည်။ သူ့အားဗြဟ္မဏတို့၏မြင့်မြတ်သောအကျင့်မှ သွေဖယ်ဆန့်ကျင့်သည်ဟု စွပ်စွဲခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ၄င်းနတ်ဘုရားသည် ရောဂါဝေဒနာခံစားနေရသူ လူသား (ဇာတ်မရွေး)များနှင့် ထိတွေ့ခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် ဗြဟ္မဏမှန်လျှင် ဆေးကုသခြင်း မလုပ်ရဟု မှတ်ချက်ချနိုင်ပေသည်။

**Aputo va imo manusya charo bnisjo iti,**
**Tasmat rahmanen bhesjam na kayami,**
**Aputo hi eshomedhya bhishak**
*(Yajurveda, Tettariya Samhita, 6,4,9)*

အက်စ်ဝိနီကုမ္မာ (Aswini Kumars) သည် (Ayuvi gyan) ဆေးကုသသောအခါ လူမရွေး၊ အဆင့်အတန်းမရွေးနှင့် ထိတွေ့ကိုင်တွယ်ရ၏။ ထို့ကြောင့် သူ့အား ယုတ်ညံ့သူဟူ၍ အခြားဘုရားများက မဆက်ဆံ၊ မပေါင်းသင်းပဲ ရှုံ့ချကြ၏။ ယဇုရ်ဝေဒကျမ်း၏ ပဝတ္တရယ ဗီရှကျန် (Pavitraya Bhishajam -30,10) ကပြောသည်မှာ သမားတော်တို့သည် မြင့်မြတ်သောဘုရားသခင်တို့၏ ပူဇော်ပွဲများမှစွန့်လွှတ်ရမည်။ ၄င်းတို့အား သာမန်လူသားတို့၏ ပူဇော်ပွဲနှင့်ယာဇ်ပွဲများ စာရင်းတွင်သာထည့်သွင်းထားရမည်ဟုဆိုသည်။ ထိုနည်းတူ ဝေဒကျမ်းများကို အခြေပြုသောအခြားကျမ်းစာများ၌လည်း သမားတော်များကို ပေါင်းသင်းဆက်ဆံခြင်းမှ ရှောင်ကျဉ်ရမည်ဟု ဖေါ်ပြထားကြလေသည်။ ထို့ကြောင့်ဝေဒကို အခြေပြုသော ကျမ်းအားလုံးသည် (လူသားတို့၏အရေးကိုလုပ်ဆောင်ပေးနေကြသော) သမားတော်များ



အား ပေါင်းသင်း ဆက်ဆံခြင်းမှရှောင်ကျဉ်ရမည်ဟု အဓိပ္ပါယ် ကောက်ယူနိုင်လေသည်။

သူ၏ဓမ္မသုတ္တရ(Dharma Sutra)တွင် ဂေါတမ(Gotama) ဆိုသူ ပညာရှင်က- ဗီစက္ကချီကတ်သက္ကသယီအန္နမနဒ္ဒယံ (Bhiskak Chikitsaksaye annamanadhyam -2-2-17) အကြောင်း၊အခန်း၌ မည်သူမျှသမားတော်ကြီးများနှင့် ခွဲစိတ်ကုသမားတော်ကြီးများထံမှ အစားအစာများကို မသုံးဆောင်ရဟု ဆိုထားသည်။ ထိုနည်းတူ အပ္ပဆတ္တံဘ ဓမ္မသုတ္တရ (Apa stamba Dharma Sutra -1-6-19-14 နှင့် 1-6-8-2) ၌လည်း အလားတူဖေါ်ပြထားလေသည်။

ဗြဟ္မဏတို့ အလွန်ရိုသေတန်ဘိုးထားသော ရှေးဗြဟ္မဏ ဘိုးကြီးဖြစ်သူ မနု (Manu) ကသူ၏ကျမ်း၌-

**Puyam Chikitsa kasyamam** (Manusmriti-4/220)

အဓိပ္ပါယ်မှာ- သမားတော်တို့၏ အစားအစာသည် သွေးပုတ် ပြည်တို့နှင့်တူ၏။ ထို့ကြောင့် ထိုအစားအစာများကို စားရန် မသင့်ဟု- ဆိုလေသည်။

ထိုနည်းတူ ဝိစ္စသကျမ်း (Vasistha smriti) က ဆိုသည်မှာ-

**Brahmano Bhavati na Chikitsaka** 3/4

အဓိပ္ပါယ်- ဗြဟ္မဏတဦးသည် ဆေးသမားတော်အဖြစ် အသက်မွေးပါက ဗြဟ္မဏအဖြစ်မှ လျောကျ၏-ဟုဆိုသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ခိုင်မြဲသော ပရမတ္ထသစ္စာတရားနှင့် မြင့်မြတ်သော ဟောဆိုချက်များကို ထောက်ရှုဆိုရပါလျှင် ထိုကာလက ဗုဒ္ဓ၏တရားများကို စွပ်စွဲခဲ့သော ဗြဟ္မဏအဆက်ဆက်တို့သည် သူတို့တရား၌ သူတို့သွေဖယ်ကြကုန်၏။ ခေတ်သစ်ဗြဟ္မဏတို့သည် သူတို့ကိုယ် သူတို့သာ အတော်ဆုံး၊ အထူးချွန်ဆုံး M.B.B.S ဒေါက်တာဘွဲ့နှင့် အထိုက်တန်ဆုံးဟု သွေးနားထင်ရောက်ကြ၏။ ၄င်းတို့၏ အရည်အချင်းညံ့ဖျင်းမှုကြောင့် ဆေးသိပ္ပံကျောင်းဝင်ခွင့်ကျရှုံးသောအခါတွင် ငွေသိန်းချီလာတတ်ထိုး၍ နောက်ဖေးတံခါးမှ ဝင်ကြလေသည်။ ဤသို့မတော်တရော်ဖြင့် ၄င်းတို့ဆရာဝန် ဖြစ်လာသောအခါ၌ မကျွမ်းမကျင်

ညှံ့ဖျင်းလှသဖြင့် လူနာများ ကို ခွဲစိတ်ပြန်ချုပ်ပြီးမှ အတွင်းတွင်ကပ်ကျေးများ၊ အဝတ်ဂွမ်းစများ၊လက်သုတ်ပုဝါများစသည်တို့ ကျန်ရစ်ခဲ့ခြင်းများဖြစ်ခဲ့ကြောင်း သက်သေမြောက်များစွာရှိခဲ့ဘူးပါသည်။ (ဤကားစကားချပ်)

t w 8D sf (Atri Smriti) ၏ဟောဆိုချက်တွင်–

**Vaidyo Vipra na Brahaspati Sabha Yadi** (AS.387)

အဓိပ္ပါယ်။ ။ဆေးသမားတော်တဦးသည် မည်မျှပင် ဘုရင့်သက်တော်ရှည်အမတ်ကြီးများကဲ့သို့ ကြီးကျယ်စေကာမူ အလေးထားမြင့်မြတ်သော နေရာကို မပေးနိုင်ဟု ဆိုလေသည်။

မဟာဘာရတကျမ်း – အနုရှသံ ပါရ၀ (Anushasan Perva 90/13) က ဆိုသည်မှာ–

**Bhishaje Puyashonitam-**

အဓိပ္ပါယ် – အကယ်၍စေတနာဖြင့်ဖြစ်စေ၊ ဆေးကုသသော ဗြဟ္မဏတဦးဦးကို အစားအစာ လှူဒါန်းကျွေးမွေးခဲ့သည်ရှိ သော် ထိုအစားအစာသည် လှူဒါန်းကျွေးမွေးသူတို့၏ ရေးဘိုးဘွား (ကွယ်လွန်သူတို့၏ဝိညာဉ်) များ၏ အသားနှင့်အသွေးကို ကျွေးခြင်းမည်၏ ဟုဆိုလေသည်။

ဒေါက်တာဆူရန်ဒရာအဂ္ဂတ် (Dr.Surendra Aggat) က ဤသို့ပြောခဲ့ဘူးပါသည်။ "ဤသို့အဓိပ္ပါယ်နှင့်အနှစ်သာရမဲ့သော ရှေးကျမ်းဆရာတို့၏ သင်ကြားချက်များကြောင့် ဤနိုင်ငံတွင် ဆေးသိပ္ပံမှာ ဆုတ်ယုတ်ကျဆင်းခဲ့ရသည်။ ထို့ပြင် ရိုးသားစွာဖြင့်ကြိုးစားမှုများကြောင့် (ဆေးသိပ္ပံနှင့်သမားတော်ဘ၀) အောင်မြင်တက်လှမ်းမှုများကို အိန္ဒိယ ယဉ်ကျေးမှု နှင့်လူမှုအဆောက်အအုံမှ -သူခိုးတဦးသဖွယ် အပြစ်ပေးနိုင်သည်–ဟု ကျေညာထားခဲ့ခြင်းဖြင့် ဆေးသိပ္ပံနှင့်ဗုဒ္ဓ ဘာသာဝင်များကို နှိမ့်ချသတ်မှတ်ခဲ့ကြသည်။" (ကရန်တီကီစင်ဂါရီယန် အတွဲ–၃၊ ဘရူနိုနှင့်ဂယ်လီလီအို စာမျက်နှာ–၇) Kranti Ki Chingariyan series 3, Brano and Galelio, Page-7)။

မည်သို့ပင်ဖြစ်စေ ဤကမ္ဘာပေါ်တွင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော သိပ္ပံနည်းကျသောတရားတော်များကို ကျင့်ကြံကြ၍၄င်း၊ နည်းနိဿယခံယူကြ



၍၄င်း၊ ဆေးသိပ္ပံနှင့် ခွဲစိပ်ကုသပညာရပ်တို့သည် များစွာတိုးတက်လျက်ရှိကြောင်း အထင်အရှားတွေ့ရှိနိုင်ပါသည်။ မြတ်ဗုဒ္ဓကိုယ်တိုင်သည်ပင် အလွန်ကြီးကျယ်သော သမားတော်ကြီး ဖြစ်ကြောင်း ဗုဒ္ဓ၏ ဝိနယပိဋကတော်လာ ရဟန်းရှင်လူတို့သုံးစွဲလေ့လာအပ်သော ဆေးဝါးများနှင့် ကုထုံးကုနည်း တို့ကို လေ့လာခြင်းအားဖြင့် အထင်ကရအတည်ပြုနိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓ၏ သမားတော်ကြီး ဇီဝက၏အတ္ထုပ္ပတ္တိကို ဤသို့လွယ်ကူရှင်းလင်းစွာဘာသာပြန်ဆိုပေးခြင်းသည် စာဖတ်သူများအတွက် သတိရဘွယ်၊အမြင်သစ်၊ အတွေးသစ်ရဘွယ်ရာ အထောက်အပံ့ဖြစ်နိုင်သည်ဟု ကျွန်ုပ်တို့ရိုးသားစွာ ယုံကြည်မိပါသည်။

ဤသို့တန်ဖိုးမဖြတ်နိုင်သော ဗုဒ္ဓမြတ်စွာ၏ဓမ္မဆိုင်ရာစာအုပ်များကို ကြီးစွာသော လုံ့လဖြင့် အားထုတ်ရေးသား ထုတ်ဝေပေးနေသော Mahopasaka Sharti Swaroop Baudhသည် ကျွန်ုပ်တို့၏ ရိုးသားသန့်စင်သော ဂုဏ်ပြုအမှာကို လက်ခံလိမ့်မည်ဟု ယုံကြည်ပါသည်။ အကယ်စင်စစ် သူ၏လုပ်ဆောင်ချက်များသည် အလွန်တန်ဘိုးကြီးမားပါသည်။ ကျွန်ုပ်တို့ယုံကြည်သည်မှာ ဤကဲ့သို့သော စာအုပ်များသည် လူများစွာ တို့၌စွဲမှတ်နေသော မိစ္ဆာဒိဋ္ဌိ အယူလွဲမှားမှုများနှင့် အမှန်တရားကို လိမ်ညာဖုံးကွယ်ထားမှုများအား တိုက်ဖျက် ဖယ်ရှား ပေးနိုင်လိမ့်မည်ဟူလို။

ဘဝတုသဗ္ဗမင်္ဂလံ

ဘဒ္ဒရသီလ ရာဝတ္တ
**Bhadrasheel Rawat**

# ဗုဒ္ဓမြတ်စွာ၏ သမားတော်ကြီး ဇီဝက

မျက်မှောက်ကမ္ဘာပေါ်တွင် အမည်ကျော်ကြားနေကြသော ဂျာမဏီ၊ အင်္ဂလိပ်၊ ပြင်သစ်နှင့် အမေရိကန်နိုင်ငံများမှ ခွဲစိတ်သမားအကျော်တို့သည် အိန္ဒိယနိုင်ငံ၏ ရှေးခေတ် ခွဲစိတ်ကုသိပ္ပံသည် ယနေ့ကျင့်သုံးနေသော ခွဲစိတ်ကုသိပ္ပံပညာ၏ မိခင် ဖြစ်ကြောင်း ပွင့်လင်းစွာဝန်ခံထားကြပါသည်။ ဘာလင်မြို့မှ နံမည်ကျော် ဂျာမာန်ခွဲစိပ်သမားတော်ကြီး ဒေါက်တာ ဟီဆန်ဘတ်ဂ် (Dr.Hesenburg) က ယနေ့ခေတ်စားနေသော ပလပ်စတစ်အစားထိုးကုသမှု (Plastic Surgery) ပညာသည် ရှေးခေတ်အိန္ဒိယသမားတော်ကြီးများထံမှ လွှဲပြောင်းရယူခဲ့ခြင်း ဖြစ်ကြောင်း သူ၏စာအုပ်၌ ရေးသားဖော်ပြခဲ့ပါသည်။ ဤအတတ်ပညာကို ကာယသ်ရင်ဂါ (ကိုယ်ခန္ဓာအလှ ပြုပြင်ခြင်းအတတ်) (Kayasringar) ဟု အိန္ဒိယ၌ ခေါ်ပါသည်။

ဗြိတိသျှတော်ဝင်မှတ်တန်း၌ မှတ်တန်းပြုထားသည်မှာ ရှေးအိန္ဒိယ သမားတော်ကြီးများသည် မျက်လုံးအိမ်အတွင်းတိမ်ကိုခွဲစိပ်သည့် နည်းပညာနှင့် နှာခေါင်းတွင်းရောဂါ (ထိပ်ခပ်နာ) များကို ခွဲစိပ်သည့် နည်းပညာများ တီထွင်ခဲ့ကြောင်း တွေ့ရှိရပါသည်။—

မဟာဝဂ္ဂသုတ်နှင့် ဗုဒ္ဓဇာတကပုံဝတ္ထုတို့တွင် သမားတော်ကြီး ဇီဝကသည် ရာဇာဂရိုဟမြို့သူဌေးကြီး ခံစားနေရသော ဦးနှောက်တွင်းသန်ပိုးရောဂါကို အောင်မြင်စွာ ခွဲစိပ်ပေးနိုင်ခဲ့သည်။ ထို့ပြင် ဗာရာဏာသီမြို့မှ ကုန်သည်ကြီး၏ သား ခံစားနေရသော အူအနေအထားမှားနေသည့် ဝေဒနာကို ခွဲစိပ်ကုသ ပေးခဲ့ကြောင်းဖော်ပြထားပါသည်။ ဆရာဇီဝကသည် သူခွဲစိပ်မည့်လူနာကို မခွဲစိပ်မီ တိကျသောဖိအားဖြင့် ထုံသွားအောင် ပြုလုပ်ပေးသည်။ သူ၏နည်း စနစ်သည် အလွန်တိကျမှန်ကန်ခြင်းကြောင့် လူနာသည် နာကျင်မှုမရှိသည့် အပြင် ခွဲစိပ်နေသည် အားလုံးကိုလည်း မြင်တွေ့နေနိုင်လေသည်။

ဤအချက်များကို ထောက်ရှုပါလျှင် မြတ်ဗုဒ္ဓခေတ်အခါက ခွဲစိပ်ကုအတတ် ပညာသည် မည်မျှအဆင့်မြင့်မားကြောင်း မှန်းဆနိုင်ကြပါလိမ့်မည်။ ဗုဒ္ဓခေတ်အခါက ဆရာကြီးဇီဝက သည် အတော်ဆုံးသမားတော်ကြီးအဖြစ်



နံမည်ကျော်ကြားခဲ့ သည်။ မဂဓဘုရင်မင်းမြတ်ဗိမ္ဗိသာရသည် ဆရာကြီးဇီဝက အား နန်းတွင်းသမားတော်ကြီး အဖြစ်ခန့်အပ်ခဲ့သည်။ ထို့ကြောင့်သူ့အား ဝိဒယရာဇ (Vaidyaraja) သို့မဟုတ် ရာဇာဝိဒယ (ဘုရင့်သမားတော်ကြီး) ဟုလည်းခေါ်ဆို ကြပါသည်။ ဆရာကြီးဇီဝကသည် မြတ်ဗုဒ္ဓ၏မိသားစု ဆရာဝန် (လက်စွဲသမားတော်) လည်းဖြစ်ပါသည်။ သူသည် မြတ်ဗုဒ္ဓထံပါး၌ နှစ်ပေါင်းများစွာ သမားတော်ကြီးအဖြစ် ပြုစုခဲ့သည်။ မိမိ၏အိမ်ထောင်ကို ဦးစီးနေရသည့်တိုင် ဆရာကြီးသည် ဗုဒ္ဓအားအပြုအစုမပျက်ခဲ့ပါ။ ဤမှရှေ့တွင် ကျွန်ုပ်တို့သည် ဆရာကြီးဇီဝက၏ ဘဝဖြစ်စဉ်နှင့် သူ၏ လုပ်ဆောင်ချက်များကို ဖတ်ရှုကြရပေလိမ့်မည်။

ဗုဒ္ဓခေတ်မှသည် ယနေ့မျက်မှောက်ခေတ်အထိ ဆရာကြီး ဇီဝကနှင့် သူ၏ ဆေးသိပ္ပံပညာကို လိုက်မှီနိုင်သော ဆရာဝန် သမားတော် တစ်ဦးမျှ မပေါ်ခဲ့ သေးချေ။ ဆရာကြီးဇီဝကသည် သုံးစွဲမကုန်အောင် အလွန်ချမ်းသာကြွယ်ဝ ပါသည်။ သို့သော် ချမ်းသာကြွယ်ဝမှု၊ ကျော်ကြားမှုနှင့် အတွေ့အကြုံတို့သည် သူ၏ကိုယ်ပိုင် အရည်အချင်းကြောင့် ရခဲ့ခြင်း ဖြစ်ပါသည်။ ဆရာကြီးဇီဝက၏ ဘဝအတ္ထုပ္ပတ္တိသည် ဗုဒ္ဓခေတ်အခါက ဤဒေသတွင် ဆေးသိပ္ပံပညာမည်မျှထိ အဆင့်မြင့်ကြောင်းနှင့် အမြင့်ဆုံးအချိန်ဖြစ်ကြောင်းကို ပြောပြပါလိမ့်မည်။

ရာဇဂရိုဟရှိ (ဝေဠုဝနကလင်ဒက္ကနိဝပ္ပ) ဝေဠုဝန်ကျောင်း တော်တွင် မြတ်ဗုဒ္ဓ သီတင်းသုံးနေစဉ်အချိန်က ဝေသာလီနိုင်ငံသည် ချမ်းသာကြွယ်ဝပြီး ကုန်သည် တို့၏ရောင်းဝယ်ဖေါက်ကားရာ စည်ပင်သာယာသော နိုင်ငံကြီးတခုဖြစ်ခဲ့ ပါသည်။ ဝေသာလီတွင် နန်းမြင့်ဆောင်ကြီးပေါင်း ၈၈၈၈ ဗိမ္မာန်၊ ခန်းမဆောင် ပေါင်း ၈၈၈၈ ဆောင်၊ ဥယျာဉ်ပေါင်း ၈၈၈၈ ခု၊ ရေတွင်းပေါင်း ၈၈၈၈ တွင်း၊ ရှိခဲ့သည်။ ဝေသာလီပြည်တွင်အမ္ဗပါလီအမည်ရှိသော ပြည့်တန်ဆာမလေးသည် ရုပ်ရည် ရူပကာ အလွန်ချောမောလှပသည့်အပြင် အဆို၊ အက၊ အတီး အမှုတ်၊ ပညာ၌လည်း အလွန်ကျွမ်းကျင်သည်ဟု ထင်ရှားကျော်ကြားခဲ့သည်။ သူမသည် သူမ၏လှပအချိုးကျသော ခန္ဓာကိုယ်ကိုရင်း၍ အသက်မွေးဝမ်း ကျောင်း ခဲ့ရသည်။ သူမသည် အလွန်ပင် ဆွဲဆောင်အားကောင်းသော ကြောင့် လူတိုင်း၏ နှလုံးသားကို ဖမ်းစားနိုင်ခဲ့လေသည်။ သူမနှင့်ပျော်ပါးသူသည် တည လျှင်ရွှေဒင်္ဂါး ၅၀ မျှပေးရသည်။ တနေ့သောအခါ ရာဇဂရိုဟမြို့မှ နံမည်ကြီး မြို့အုပ်ချုပ်ရေးမှူး တဦးသည် ဝေသာလီပြည်သို့ လေ့လာရေးခရီး ထွက်လာခဲ့ သည်။ ဝေသာလီပြည်၏ ကြီးကျယ်ခန်းနားပုံ စည်ပင်သာယာပုံတို့သည်

Generated by CamScanner from intsig.com

သူ့အားအလွန်မှပင် ဆွဲဆောင်နိုင်ခဲ့သည်။ အထူးသဖြင့် အမ္ဗပါလီ၏ အလှသူ့အားအလွန်မှပင် ... 

အကတို့သည်သူ့အားမိန်းမူးစေခဲ့လေသည်။ ဝေသာလီပြည်သားများ ကလည်း အမ္ဗပါလီအား အလွန်တန်ဖိုးထားကြပြီး သူမအပေါ်၌လည်း အလွန်ဂုဏ်ယူကြလေသည်။

အုပ်ချုပ်ရေးမှူးသူဌေးကြီးသည် သူ၏လေ့လာရေးခရီးပြီးဆုံး၍ ရာဇဂရိဟမြို့သို့ ပြန်ရောက်သွားသောအခါ သူ၏မျက်မြင် ဝေသာလီပြည်၏သာယာလှပ စည်ကားပုံနှင့် အမ္ဗပါလီ၏အချောအလှတို့ကို ဗိမ္ဗိသာရမင်းကြီးအား ပြန်လည်ရှင်းပြပြီး "အရှင်မင်းကြီး– ကျွန်တော်မျိုးတို့သည်လည်း ဤရာဇဂရိဟ ကို ဝေသာလီကဲ့သို့ လှပစည်ကားအောင်ပြန်လည်ဆောက်လုပ်ပြီး အမ္ဗပါလီထက်ပင် လှပ၍ အဆိုအကကောင်းသော ပြည့်တန်ဆာမတယောက်ကို ထားသင့်ပါသည်" ဟု လျှောက်ထားလေသည်။

နောက်ဆုံးတွင် မဂဓတို့၏အရှင်ဗိမ္ဗိသာရမင်းကြီးက "ကောင်းပြီ၊ အုပ်ချုပ်ရေးမှူးကြီး၊ သင်ယခုပင်သွား၍ အမ္ဗပါလီ ထက်လှပသော အဆိုအကကောင်းသော အမျိုးသမီးတဦးကို ရှာလေလော့၊ သူမအား ငါတို့နိုင်ငံ၏ ပြည်တန်ဆာမ အလှဘုရင်မအဖြစ် ခန့်ထားကြလေစို့" ဟု ခွင့်ပေးသနား လိုက်လေသည်။

ကံအားလျော်စွာပင် မဂဓတိုင်း၏မြို့တော် ရာဇဂရိဟ (ရာဇဂြိုလ်) တွင် အလွန်တရာလှပပြီး ဆွဲဆောင်မှုအလွန် ကောင်းသော အသက် ၁၆နှစ် အရွယ်



သလ္လဝတီသည် အဆိုအကနှင့်အတီးအမှုတ်ပညာကိုသင်ယူနေစဉ်



အပျိုမလေးတဦး ရှိလေသည်။ သူမ၏ အမည်မှာ သလ္လဝတီ(Salvati) ဟု ခေါ်တွင် သည်။အုပ်ချုပ်ရေးမှူးကြီးသည် သူမကိုတွေ့သောအခါ အလွန်ကျေနပ်အားရသွားပြီး ချက်ချင်းပင် မဂဓတိုင်း၏ ပြည့်တန် ဆာမအဖြစ်ခန့်အပ်လိုက်လေသည်။

သလ္လဝတီသည် ဉာဏ်ထက်မြက်ပြီး အလွန်တော်သော မိန်းကလေးတဦးဖြစ်သည်။ သူမသည် အဆိုအက၊ အတီး အမှုတ်ပညာကို ခဏချင်းပင် လေ့လာတတ်ကျွမ်းခဲ့သည်။ အဗ္ဗပါလီက တညလျှင် ရွှေဒင်္ဂါး ၅၀ ယူကြောင်း သိရလျှင် သူမက အခကြေးငွေကို ရွှေဒင်္ဂါး (၁၀၀) ဟု သတ်မှတ်လိုက်သည်။



သလ္လဝတီသည် သူမအတွက် အခကြေး ရွှေဒင်္ဂါး ၁၀၀ ယူလေသည်။

ဤကဲ့သို့ဖြင့်နှစ်များကိုဖြတ်ကျော်လာခဲ့ပြီး တခါတွင် သူမ၏ပေါ့လျော့မှုတခုကြောင့် ကိုယ်ဝန်ရှိလာခဲ့လေသည်။ ပြည့်တန်ဆာမတဦးအတွက် အလှနှင့် ဆွဲဆောင်မှုသည် အလွန်အရေးကြီးလေသည်။ သူမ၌ကိုယ်ဝန်ရှိကြောင်း လူအများသိသွားလျှင် သူမပေါ်၌ စိတ်ဝင်စားကြတော့မည်မဟုတ်။ အထူးသဖြင့် ယောကျ်ားများစွာသည် ကိုယ်ဝန်ဆောင်ဘူးသော မိန်းမကို သိပ်မနှစ်သက်တတ်ကြပေ။

သူမမျက်နှာပျက်ရပေတော့မည်။ သူမ၏ ပြည့်တန်ဆာအမည်သည် ပျက်ရတော့မည်။ သူမဘာလုပ်ရမည်နည်း။ ထိုအတွေးများသည် သူမအား အလွန်တုန်လှုပ်ချောက်ခြားစေခဲ့သည်။ ဤသို့စိတ်ဓါတ်ကျဆင်း၍ စိတ်ရှုပ်ထွေးနေဆဲပင် သူမ၌အကြံတခုပေါ်လာခဲ့သည်။ သူမသည်နေမကောင်းယောင်ဆောင်၍

Generated by CamScanner from intsig.com

နေလိုက်မည်ဟုတွေးမိ၏။ ထိုသို့တွေးမိသည့်အတိုင်း သူမ၏အစောင့်ကို ခေါ်၍ "အကယ်၍တစုံတဦးသည် ငါ့အား တွေ့လိုသည်ဟု ခွင့်တောင်းလာလျှင် နေမကောင်းဖြစ်နေ ကြောင်းပြောပါ။ မည်သို့သော အကြောင်းကြောင့်မှ ငါ့ထံ ခေါ်မလာပါနှင့်" ဟု မှာကြားထားလေသည်။

အချိန်တန်၍ နေ့စေ့လစေ့သောအခါ အလွန်ချစ်စရာကောင်းသော ယောကျ်ားကလေးတဦးကိုဖွားမြင်ခဲ့သည်။ သူမသည် ချစ်စဖွယ်သားငယ်လေးကို တစိမ့်စိမ့်ကြည့်ယင်း နှလုံးသားမှ တဆတ်ဆတ်တုန်လာခဲ့သည်။ သူမ၏သားငယ်ကို သူမသည်တကယ်ပင်ချစ်မြတ်နိုးပါသည်။ အသဲခိုက်အောင်ချစ်ပါသည်။ သို့သော် ကံတရားသည် သူမအား မျက်နှာသာမပေးခဲ့ပါ။ မိမိရင်သွေးကို မိမိကိုယ်တိုင် မွေးမြူပိုက်ထွေးရန် မဖြစ်နို တော့ပါ။ သူမ၏ဂုဏ်၊ စည်းစိမ်နှင့် အလှအပအမြူအဆွယ်တို့အတွက် မိမိ၏ရင်သွေးကိုအမှိုက်ပုံ၌ သွားရောက်စွန့်ပြစ် ရန်သာအကြောင်းရှိပါတော့သည်။ နောက်ဆုံး သူမသည် ဆုံးဖြတ်ချက်ချပြီးနောက် နံနက်စောစောနေမထွက်မီတွင် သူမ၏ အိမ်ဖေါ်အား ခေါ်၍ "ကောင်းပြီ၊ ဤကလေးကို အဝတ်တစုံပတ်၍ ခြင်းထဲထည့်ပြီး အမှိုက်ပုံ ပေါ်၌သွားပြစ်ခဲ့ပါ"ဟုအမိန့်ပေးလိုက်သည်။ အိမ်ဖေါ်မသည် သူမ၏သခင်မ အား ဤမျှရက်စက်စွာမပြစ်သင့်ပါကြောင်း ပြောဆိုဖျောင်းဖျပါသေးသည်။ သို့သော် သလ္လဝတီသည် သူမ၏ဆုံးဖြတ်ချက် အတိုင်းသာ လုပ်ဆောင်ရန် ခေါင်းမာစွာ အမိန့်ပေးလိုက်ပါ တော့သည်။

သခင်မ၏အမိန့်ကို မလွန်ဆန်နိုင်သော အိမ်ဖေါ်မလည်း ကလေးငယ်ကို အဝတ်နှင့်ထုပ်၊ ခြင်းထဲထည့်၍ စွန့်ပြစ်ရန် ထွက်သွားလေသည်။ အိမ်ဖေါ်မ ကွယ်သွားသောအခါ သလ္လဝတီသည် အလွန်ကြေကွဲ ဝမ်းနည်းလွန်းသဖြင့် မေ့မြောသွားလေသည်။ သူမသည် နံရံကို ခေါင်းနှင့်မှီ၍ ကြိတ်ခါငိုကြွေး နေတော့သည်။

အစေခံမလည်း မြို့တွင်းလမ်းငယ်များကြား ထိတ်လန့် ခြောက်ခြားစွာ လျှောက်သွားခဲ့လေသည်။ သူမသည် ဟိုဟို ဒီဒီကို ကျိုးကန်းတောင်းမှောက် ကြည့်ယင်း နောက်ဆုံး၌ မြို့၏အမှိုက်ပုံကြီးဆီရောက်သွားခဲ့သည်။ ထို့နောက် ပတ်ဝန်းကျင် ကို သေချာစွာလှည့်ပတ်စစ်ဆေးကြည့်လိုက်သည်။ လူသူလုံးဝ မရှိကြောင်း ကြိမ်းသေသောအခါတွင် ကလေးငယ်အား အမှိုက်ပုံပေါ်တွင်ထား ခဲ့ပြီး ထိုနေရာမှလျှင်မြန်စွာ ထွက်သွားလေတော့သည်။

ကလေးကိုပထမဆုံး တွေ့ရှိရသူများမှာ အမှိုက်ပုံ၌ အစာလာရှာသော



ကျီးကန်းများ ဖြစ်သည်။ ကျီးကန်းများသည် အထူးအဆန်းဖြစ်ကာ ဝိုင်းအုံ၍ ဆူညံစွာအာနေကြသည်။

ဤသို့ခဏတွင် အနီးအနားဖြတ်သွားသူတဦးသည် ကျီးများထူးဆန်းစွာ အာနေသည်ကို မသင်္ကာသဖြင့် သွားရောက် ကြည့်ရှုရာ ကလေးငယ်ကို တွေ့ သွားလေတော့သည်။ ထိုမှတဆင့် လူတယောက်ပြီးတယောက် ရောက်လာခါ စွန့်ပစ်ထားသောကလေးငယ်ကို လာရောက်ကြည့်ရှု ယင်း လူအုပ်ကြီးဖြစ်လာ လေသည်။ သို့ဖြင့် နံနက်စောစောတွင် မြို့တွင်းမှ လူများစွာသည် ကလေးငယ် အနီး၌ ဝိုင်းအုံ၍ ဝေဖန် ပြောဆို ကြကုန်လေသည်။ အလွန်ရှုံ့ရှာဖွယ်ကောင်း၍ နံစော် နေသော အမှိုက်ပုံသို့ မြို့တွင်းမှလူများသည် တယောက်ပြီး တယောက် ရောက်လာကြလေသည်။ တချို့ကလည်း ဤမျှ ရက်စက်သော မိဘများကို အပြစ်တင်ဝေဖန်နေကြသည်။ အချို့ကလည်း ထင်ရာမြင်ရာကိုပြောဆို၍ နေကြကုန်သည်။



အမှိုက်ပုံပေါ်မှ အလေးငယ်အနီးတွင် လူများဝိုင်းအုံ၍ ကြည့်နေကြသည်။

ထိုအချိန်တွင် မင်းသားအဘယ (Abhaya) သည် နန်းတော်သို့ အခစားဝင်ရန် ဤနေရာသို့ဖြတ်လာသည်။ အဘာယမင်းသားသည် လူအုပ်ကြီးကိုကြည့်၍ငင်း၊ ကလေးငယ်ငိုသံနှင့် ကျီးများ ဝိုင်းအုံအော်မြည်နေသည်ကိုကြည့်၍ငင်း၊ အလွန်အံ့အားသင့်သွားလေသည်။ အဘယ်ကြောင့် ဤမျှလူအုပ်ကြီး စုနေကြ သနည်း။မင်းသားသည်အဖြစ်မှန်ကိုအလွန်သိချင်သွားသည်။ လူအုပ်ကြီးလည်း အဘယမင်းသား သူတို့ထံလာနေကြောင်းတွေ့သောအခါ အရိုအသေပြု၍

လမ်းဖယ်ပေးကြလေသည်။မင်းသားသည်ငိုကြွေးနေသော ကလေးငယ်ကို မြင်တွေ့ရသောအခါ အလွန်စိတ်မချမ်းမသာဖြစ်သွားခဲ့သည်။

လူများသည် သူတို့၏အထင်အမြင်ကိုပြောနေကြသည်။ အချို့က အမင်္ဂလာအချိန်ဟုပြောကြ၏။ အချို့က မိခင်၏ အကြင်နာမဲ့ပုံကိုအပြစ်တင်နေကြသည်။ အချို့က တာဝန်ရှိသော ဖခင်ကိုဖေါ်ထုတ်အရေးယူအပြစ်ပေးရန် တောင်းဆိုကြကုန်၏။



အဘယမင်းသား ကလေးငယ်အားကြည့်ရှုနေစဉ်

အဘယမင်းသားသည် လူအုပ်ကြီးအား ကလေးငယ်၏ အခြေအနေကို မေးမြန်းလိုက်၏။ လူတယောက်က "မှန်ပါ၊ ကလေးငယ်သည် ကောင်းစွာကျမ်းမာ၍ အသက်ရှင်ဆဲပါ ဘုရား"ဟုဖြေဆိုလိုက်သည်။ ထိုအခါမင်းသားက "ကောင်းပြီ၊ သို့ဆိုလျှင် ဤကလေးကိုယူဆောင်၍ အပျို့ဆောင်သို့ခေါ်သွားကြလော့။ မိန်းမထိန်းချုပ်အား ဤကလေးကိုအပ်၍ ရေမိုးချိုး၊ အဝတ်တန်ဆာဆင်စေပြီးနောက် ကောင်းစွာပြုစုထားရန်၊ ငါအမိန့်ပေးလိုက်သည်ဟုပြောပါ" ဟု အမိန့်ပေးစေခိုင်းလိုက်သည်။ လူအုပ်ကြီးလည်း အဘယမင်းသား၏ အကြင်နာကရုဏာတရားကို ချီးမွမ်းပြောဆိုကြပြီး ကလေးငယ်ကို မိန်းမထိန်းချုပ်ထံအပ်နှံရန်ယူဆောင်သွားကြလေသည်။ထို့နောက် မင်းသားမှာကြားသည့်အတိုင်းပြောဆိုခါ ကလေးငယ်ကို မိန်းမထိန်းချုပ်ထံ ကောင်းမွန်စွာ အပ်နှံထားခဲ့ကြလေသည်။





နန်းတွင်းအပျို့တော်များ သူငယ်ကို ပြုစုပေးနေကြစဉ်

ကလေးငယ်အသက်ရှင်လျက်ရှိသည်ဟုပြောဆိုသည်ကို ရည်ညွှန်း၍ ကလေးငယ် အမည်သည် (Jeevita) အသက်ရှင် ခြင်း (သို့မဟုတ်) ဇီဝက (Jeevak) ဟုအမည်တွင်ခေါ်ခဲ့သည်။ ဤအမည်သည် ဗုဒ္ဓသမိုင်းနှင့်ဗုဒ္ဓစာပေတို့တွင် များစွာဖေါ်ပြညွှန်းထားကြောင်းတွေ့ရှိနိုင်ပါသည်။ ထို့ပြင်လည်း အဘယမင်းသား၏ မွေးစားထိန်းကျောင်းမှုအောက်တွင် ကြီးပြင်းခဲ့ရ၍ ကုမ္မာရဘရစ္စယ ဟုလည်းခေါ်ကြသည်။ ထို့ကြောင့် ဆရာကြီး၏ နာမည်အပြည့်အစုံမှာ ဝိဒ္ဒယရာဇဇီဝကကုမ္မာရ ဘာရစ္စယ (Vaidyaraja Jeevak Komara Bhratya) ဟုတွင်လေသည်။

ဆရာကြီးဇီဝက၏ မွေးသူငယ်ဘဝ ဤတွင်ပြီးဆုံးသည်။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးယင်း ဇီဝကသည် လူလား မြောက်ခဲ့လေသည်။ သူသည်ငယ်စဉ်ကပင် အလွန်ချက်ကျလက်ကျနှင့် အတွေးနက်ရှိုင်းသူတဦးဖြစ်သည်။ တနေ့တွင် သူသည် အကြောင်းတခုဖြင့် အဘယမင်းထံသို့ အခစားဝင်လိုက်သည်။ ပြီးနောက် "အရှင်၊ ကျေးဇူးပြု၍ ကျွန်ုပ်၏အဖေ နှင့်အမေတို့၏ အမည်ရင်းကိုပြောပြပါ" ဟု လျှောက်ထားလိုက်လေ၏။ ထိုအခါ အဘယမင်းသားသည် သူငယ်အား သနားချစ်ခင်စွာစိုက်ကြည့်၍ "ဇီဝက၊ သင်၏မိခင်နှင့်ပတ်သက်၍ ငါသည်အမှန်ပင်မသိရှိးဖြစ်ပါသည်။ သို့သော် ဖခင်အဖြစ်ကို ပြောရပါမူကား ငါသည် သင့်အားချစ်ခင်စွာ ကျွေးမွေးစောင့်ရှောက်ခဲ့ပါသည်။ ထို့ကြောင့်ငါ့အား သင်၏ဖခင်ဟုသာမှတ်ယူပါ။ သင်သည် အဘယ်ကြောင့်

Generated by CamScanner from intsig.com

ဤမျှ သိချင်နေပါသနည်း။ သင့်၌ပြဿနာတစုံတခု ရှိနေပါသလား။ အကယ်၍ ရှိခဲ့လျှင် ငါ့အားဖွင့်ပြောပါ။ ငါသည်ဤပြဿနာကို ရှင်းလင်းပေးပါမည်။ ဇီဝက၊ သင့်၌တစုံတယောက်အား မကျေမနပ်ဖြစ်နေပါသလား။ တိုင်တောရန် အကြောင်းရှိနေပါလား။ ငါ့အားပြောပါ။ ငါသည် အမှန်တရားအတိုင်း လုပ်ဆောင်ပေးပါမည်"ဟုဆိုလိုက်သည်။ ဤသို့အဘယမင်းသား၏ ယဉ်ကျေးချစ်ဘွယ်သော စကားကို ကြားပြီးနောက်တွင် ဇီဝကသည် ဤသို့စဉ်းစား၏။ "ငါ၏မွေးစားဖခင်ကြီးကား ယဉ်ကျေးပျူငှာချစ်ခင်ပါ၏။ သို့သော် မင်းဆွေမင်းမျိုးတို့သည်မာန်မာနကြီးကြကုန်၏။ ငါ့အား သနားကြင်နာခြင်းဖြင့် မွေးခဲ့ကြသော်လည်း အဘယ်မျှ အတိုင်းအတာအထိ သည်းခံဆက်ဆံကြလိမ့်မည်နည်း။ ငါသည် လွတ်လပ်စွာဖြင့် ငါ့ကိုယ် ငါရပ်တည်နိုင်အောင် ကြိုးစားရမည်" ဟု တွေးမိလေသည်။ ထိုသို့စဉ်းစားမိသည့်အတိုင်း သူသည် ပညာတရပ်ရပ်ကို သင်ကြားနိုင်ရေးနှင့် မိမိဘဝကိုမိမိကိုယ်ပိုင်အရည်အချင်းဖြင့် ထူထောင်ရန် ဆုံးဖြတ်လိုက်သည်။ ဤနန်းတွင်း၌ မသေချာ၊ မရေရာသော အသနားခံ၊ အစောင့်ရှောက်ခံဘဝမှ လွတ်မြောက်ရန် ကြိုးစားလေတော့သည်။

ဤအတွေးသည် သူ့အားရက်ပေါင်းများစွာ ဒုက္ခပေးခဲ့သည်။ နောက်ဆုံးတွင် **w u ဗ ဎ** (Taxila) သို့သွား၍ ပညာသင်ယူရန် ဆုံးဖြတ်ချက်ချလိုက်တော့သည်။ ထိုအချိန်အခါက တက္ကသီလ(ယခုခေတ် ပါကစ္စတန်နိုင်ငံ၊ ရာဝါပင်ဒီနယ်၌ ရှိသည်။ (Shah Ji Di Dheri) (ရှိတ်ကျီမိဒါဟိရီ ခေါ်၏) သည် အဌာရသ (၁၈)ရပ်သောအတတ်ပညာတို့ လေ့လာသင်ကြားရာ တက္ကသိုလ်ကျောင်းကြီးအဖြစ် ကျော်ကြားခဲ့သည်။ တက္ကသီလသည် ရာဇဂြိဟ(ရာဇဂြိုလ်)မှဆိုလျှင် အလွန်ဝေးကွာသောအရပ်၌တည်ရှိသည်။ အားလုံးစီစဉ်ဆုံးဖြတ်ပြီး နောက်တွင် ဇီဝကသည် လိုအပ်သောအသုံးအဆောင်ပစ္စည်း များကို မြင်းကျောပေါ် ချိန်နောင်တင်ဆောင်၍၎င်း၊ သူ၏ကျောဘ၌ပိုး၍၎င်း၊ တက္ကသီလသို့ထွက်ခွါသွားလေတော့သည်။ ခရီး လမ်းသည် အလွန်ခက်ခဲကြမ်းတမ်းလှပါသည်။ သို့သော် သူသည် မလျော့သောဇွဲသတ္တိဖြင့်ကျော်ဖြတ်ခဲ တက္ကသီလသို့ ဘေးမသီရန်မခဘဲ အရောက်လှမ်းနိုင်ခဲ့လေသည်။

တက္ကသီလာသို့ရောက်သောအခါ သူသည် ကမ္ဘာကျော် ဒိသာပါမောက္ခ ဆရာကြီး ကပိလက္ခသျှ (Vaidyacharya Kapilaksha)နှင့်တွေ့ဆုံခဲ့သည်။ သူသည် ပါမောက္ခ ဆရာကြီးအား အရိုအသေပြုပြီးနောက် သူ့ကိုယ်သူ မိတ်ဆက်လိုက်ပြီး တဆက်တည်းမှာပင် ပညာသင်တပည့်အဖြစ် လက်ခံပါရန်



တောင်းပန်လိုက်လေသည်။ အကယ်၍ ဆရာပါမောက္ခ လက်ခံမည်ဆိုပါက သူသည် ဆရာ့စကားကို မြေဝယ်မကျနားထောင်ပြီး အစွမ်းကုန်ကြိုးစားပါမည့်အကြောင်းလည်း အာမခံလိုက်သည်။



ဇီဝကသည် အာစရိယထံ ပညာသင်တပည့်အဖြစ် လက်ခံပါရန် တောင်းပန်နေစဉ်

ဆရာကြီးသည် ဇီဝက ဘယ်အရာကိုလိုသည်ကိုသိပါသည်။ ထို့ကြောင့်ဇီဝကအား ဆေးသိပ္ပံပညာကို သင်ကြားရန်နှင့် သမားတော်တဦးဖြစ်လာပါက ဒုက္ခဝေဒနာခံစားနေသော လူနာများကို ကုသပေးနိုင်လိမ့်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားလိုက်ပါသည်။ အာစရိယဆရာကြီး၏ ဤအဖိုးတန်သော စကားကို ကြားရလျှင် ဇီဝကမှာအလွန်အားတက် သဘောနှစ်ခြိုက်သွားလေသည်။ သူသည်ဆရာကြီးအား "အာစရိယ ဆရာကြီးခင်ဗျား၊– ကျွန်ုပ်သည် ကျွန်ုပ်ဘဝ၏ ကောင်းချီး မင်္ဂလာကို ဆရာကြီးသင်ကြားပေးလိုက်သော ဆေးပညာဖြင့် ကောင်းစွာပြုစုလျှောက်လှမ်းပါမည်။ ကျွန်ုပ်သည် ဤဆေးသိပ္ပံပညာ၌ အစွမ်းကုန်အောင်မြင်အောင် ကြိုးစားသင်ယူပြီး ဤပညာဖြင့် အသက်မွေးဝမ်း ကျောင်းပြုပါမည်" ဟု ဝန်ခံပြောကြားလိုက်လေသည်။

သို့ဖြင့်ဆရာကြီးသည် ဇီဝကအား ဆေးသိပ္ပံပညာကို စတင်သင်ကြားပေးလေတော့သည်။ ဇီဝကသည်သင်ကြားသမျှကို ကောင်းစွာနားလည်သဘောပေါက်ပြီး အရယူနိုင်လေသည်။ သူ၏လုံ့လဥဿဟနှင့် စိတ်ဝင်တစားရှိမှုများသည် ဆရာကြီးအား ကောင်းစွာကျေနပ် နှစ်သိမ့်စေပါသည်။ ဆရာကြီးသည် ဇီဝကအား လွန်စွာသနားကြင်နာသည်။ ဇီဝကသိလို၍ မေးသမျှကို စိတ်ရှည်

လက်ရှည်ဖြေကြားယုံမျှမက ထိုမေးခွန်းနှင့်ဆက်နွယ်သော သိသင့်သိထိုက်သည့် အကြောင်းများကိုလည်းရှင်းပြပေးလေသည်။ ထိုအချိန်က ဆရာကြီးတွင် ဇီဝကနှင့်အတူတပည့်ပေါင်းငါးရာရှိသည်။ထိုအထဲတွင်ဇီဝကသည် ဆရာကြီး၏ အချစ်ဆုံးနှင့်အတော်ဆုံးတပည့်ဖြစ်လေသည်။ သူသည် သင်ကြားသမျှကို မှတ်ယုံနာယုံမျှမက အထပ်ထပ်အခါခါလည်း လေ့လာကြည့်တတ်သည်။ သင်ကြားသမျှ အကြောင်းကိုတောက်လျှောက်နားလည်သည့်အပြင် တကြိမ် လေ့လာမှတ်သားပြီးပါကမည့်သည့်အခါမျှ မေ့ပျောက်ရိုး မရှိချေ။

နှစ်လရှေ့ပြောင်း၍ ၇နှစ်သို့ရောက်သောအခါ သူ၏သင်ကြား လေ့လာဘွယ်ရာများကုန်သလောက်ဖြစ်သွားသည်။ သို့သော်ဆေးသိပ္ပံသည်လေ့လာရန် ကုန်ဆုံးသွားသည်ဟုမရှိ။ တခုပြီးတခုတတ်ချင်၊သိချင်ပြန်၏။ ဘယ်သောအခါကျမှ အကုန်လုံးစုံတတ်ပါမည်နည်း။ လူငယ်ဇီဝက အံ့သြသွားရသည်။ ထိုအကြောင်းကို သူသည် ဆရာအာစရိယ ထံသွားရောက်မေးမြန်းလိုက်သည်။ "ဆရာကြီးခင်ဗျား–ကျွန်ုပ်သည် ဆေးသိပ္ပံကိုများစွာ လေ့လာသင်ကြားခဲ့ပြီးပါပြီ။ စစ်ဆေးသမျှကိုလည်း ကောင်းစွာဖြေကြားအောင်မြင်ခဲ့ပြီးပါပြီ။ ကျွန်ုပ်၏ လေ့လာသင်ကြားမှုသည် ဘယ်သောအခါကျမှ ပြီးပြည့်စုံလိမ့်မည်ကို ကျေးဇူးပြု၍လမ်းညွှန်ပြသပါ" ဟုတောင်းပန်လိုက်လေသည်။ ဆရာကြီးသည် နှစ်ခြိုက်စွာရယ်မောလိုက် သည်။ "ဇီဝက–နှလုံးမသာမယာမဖြစ်ပါနှင့်။ ဤခါးကောက်ကိုယူ၍ တက္ကသိလ၏ တယူဇနာဝန်းကျင်ကိုလျှောက်သွားပါ။ ဤတက္ကသိလ၏ တယူဇနာတွင် ဆေးဘက်မဝင်သောအပင်များကိုရှာဖွေ၍ ငါ့ထံသို့ ယူဆောင်လာပါ" ဟု ပြောပြီးလွှတ်လိုက်လေသည်။ ဇီဝကလည်း ဆရာအာစရိယ မှာကြားလိုက်သည့်အတိုင်း တောအနှံ့ သစ်ပင်၊ဆူး၊ချုံပုတ်နေရာတိုင်း၊ အပင်တိုင်းကို စစ်ဆေးကြည့်ရှုခဲ့သည်။ အပင်တိုင်းသည် သူ့နည်းသူ့ဟန်ဖြင့် တမျိုးတဖုံ ဆေးဘက်ဝင်နေကြသည်ချည်းသာ။ ဆေးဘက်မဝင်သောအပင် ရှာယင်း မောပန်းသည်နှင့်အမျှအပူဒါဏ်ကြောင့်လည်း နွမ်းနယ်၊ ညနေစောင်း၍ ညောင်းညာလာပြီဖြစ်သောဇီဝကသည် နောက်ဆုံးလက်လျှော့၍ ပြန်လာခဲ့လေတော့သည်။ သူသည် ဆရာကြီးအား ရိုသေစွာကန်တော့၍ "ဆရာအာစရိယခင်ဗျား–ဆရာမှာကြားသည့်အတိုင်း တယူဇနာဝန်းကျင်တိုင်အောင် ကျွန်ုပ်သည်ဆေးဘက်မဝင်သောအပင်ကို ရှာဖွေခဲ့ပါသည်။ သို့သော် အပင်တိုင်းသည် တနည်းမဟုတ်တနည်း ၊ တမျိုးမဟုတ်တမျိုး ဆေးဘက်ဝင်နေကြသည်ချည်းသာဖြစ်သောကြောင့် ကျွန်ုပ် အပင်တပင်မျှမရခဲ့ပါ" ဟု





ဇီဝကသည်တောတွင်း၌ဆေးဘက်မဝင်သောအပင်ကိုရှာဖွေနေသည်။

ဆရာကြီးသည်ထိုင်ရာမှထ၍ ဇီဝကဦးခေါင်း ဆံပင်ကိုငြင်သာစွာအုပ်မိုးပြီး "ဇီဝက သင်လေ့လာလိုသောအရာသည် ပြီးပြည့်စုံခဲ့ပြီ။ ဤသည်မှာသင်၏ သမားတော်ဘဝအတွက် များစွာလုံလောက်ပြီဖြစ်သည်။ သို့သော် ငါ့သား၊ မှတ်သားနာယူလော့။ သင်သည် ဆေးနတ်ဘုရား အစ်သျှဝါနီကုမ္မာ (Ashwani Kumar)ကဲ့သို့ ကြီးကျယ်သောသမားတော်ကြီး ဖြစ်လာအောင်ကြိုးစားလေတော့"ဟုဩဝါဒ ပေးလိုက် လေသည်။

ဇီဝကသည် ဆရာအာစရိယ၏ ခြေအစုံကိုဦးတိုက်၍ ကန်တော့လိုက်သည်။ ဆရာကြီး၏ဆုံးမဩဝါဒကို မြေဝယ်မကျနားထောင်ပါမည်ဟုလည်း ကတိပြုလိုက်ပါသည်။ ဆရာကြီး သည် သူ၏အချစ်ဆုံးတပည့် အတော်ဆုံးတပည့်နှင့် ခွဲခွာရတော့မည်ကိုသိ၍ နှလုံးလေးလံ၍ မျက်ရည်စို့တက်လာပါသည်။ တပည့်ချစ်ကိုသူခွဲရတော့မည်။ ဆရာကြီးသည် ဝမ်းနည်းမျက်ရည်ဖြင့် တပည့်ချစ်အားနှုတ်ဆက်ပြီး လမ်းခရီးစဉ်ကိုမှာကြားကာ လမ်းတွင်သုံးစွဲရန်လိုအပ်မည့်ငွေကြေး အတွက်သူ့ထံ၌ရှိသမျှကို ဇီဝကအား ပေးအပ်ခဲ့သည်။ လမ်းခရီး၌ ဘေးမသီရန်မခ ချောမွေ့စေရန် ဆုတောင်းပေးလိုက်လေသည်။

ကျွန်ုပ်တို့ဆိုခဲ့ပြီးသည့်အတိုင်း မဂဓတိုင်း ရာဇဂရိဟ (ရာဇဂြိုလ်)နှင့် တက္ကသိလတို့သည် အလွန်အလှမ်းဝေးကွာပါသည်။ ဇီဝကသည်ခရီးစဉ် အတိုင်းလာယင်း မသူရ(Mathura)ကိုဖြတ်၍သက္ကတ်(Saket)ခေါ် အယုဒ္ဓယမြို့ (Ayodhya) သို့ရောက်သောအချိန်တွင် သူ၏ငွေကြေးစရိတ် အားလုံး ပြတ်တောက်ကုန်ခမ်း

Generated by CamScanner from intsig.com

သွားတော့သည်။ ရှေ့ဆက်ရမည့် ခရီးစဉ်ချောမောပြေပြစ်ရေးအတွက် ငွေကြေးက လိုလာပြီ။ ထို့ကြောင့်သူသည် တခါမျှ လက်တွေ့မသုံးရသေးသော သူ၏ဆေးအတတ်ပညာဖြင့် ငွေအနည်းငယ်ရှာဖွေရန် စဉ်းစားဆုံးဖြတ်လိုက်သည်။ သူသည် မောမောပမ်းပမ်းဖြင့် စမ်းချောင်းနဘေး၊ ကမ်းကလေးတွင် အပန်းဖြေယင်း လတ်တလောဖြေရှင်းရမည့် ပြဿနာကိုတွေးတောနေမိသည်။ ထိုစဉ်တွင်စမ်းချောင်းသို့ မိန်းမပျို တသိုက်ရေခပ်ဆင်းရန်ရောက်လာကြသည်။ မိန်းမပျိုတို့သည် ထွေရာလေးပါး ပြောကြယင်း သူတို့သူဌေးကတော်ကြီး၏ ခေါင်းကိုက်ဝေဒနာ အကြောင်းကို ရောက်သွားသည်။



သက္ကတ်မြို့သူဌေးကတော်ကြီး၏ခေါင်းကိုက်ရောဂါအကြောင်းမိန်းမပျိုတို့ပြော၍ ဇီဝကသိသွားသည်။

ထိုအကြောင်းကို ဇီဝက သိလိုက်ရသည်။ သူအတော် အားတက်သွားသည်။ သူကုသပေးမည်။ ဆေးကုခငွေတချို့ရမည်။ သူ့ခရီးလမ်းချောမောသွားပေမည်။ ထို့ကြောင့် သူသည် ရုတ်ချည်းထ၍ မိန်းမပျိုလေးများအား သူဌေး၏ အိမ်၊ နေရပ်လိပ်စာကို တောင်းယူလိုက်လေသည်။

အမှန်စင်စစ် သူဌေးကတော်ကြီးသည် အလွန်အခံရခက်သော ခေါင်းကိုက်ဝေဒနာကိုနှစ်ရှည်လများခံစားနေရသည်။သက်သာသည်ဟူ၍မရှိ။ ဇနီးသည်၏ ဝေဒနာကို မကြည့်ရက်သောသူဌေးကြီးသည် အမျိုးမျိုးကြိုးစားပါသည်။ ဤဒေသတွင်းရှိ သမားအကျော်ဆိုသူများကိုပင့်ဖိတ်၍ပြသကြည့်ပါသည်။ သို့သော်မည်သူမျှမတတ်နိုင်။ အားလုံးလက်လျှော့၍ ပြန်သွားကြသည် ချည်းသာ။



ဇီဝကသည် သူဌေးကြီးအိမ်သို့ရောက်သွားပြီး တံခါးခေါက်လိုက်သည်။ အစေခံကလေးသည် တံခါးကိုဖွင့်လိုက်သည်။ သူတို့အားလုံးသည် တခါမျှ ဤမြို့တွင် မမြင်ဖူးသော လူစိမ်းပျိုတဦးကိုတွေ့လိုက်ကြရသဖြင့် အံ့အားသင့်သွားကြရလေသည်။ဇီဝကသည် သူတို့အားဦးညွှတ်အရိုအသေပြု၍ဝင်ခွင့်ပြုပါရန် တောင်းပန်လိုက်သည်။ သူဌေးကြီးက ဝင်ခွင့်ပြုသောအခါတွင် ဇီဝကသည် သူ့ကိုယ်သူ မိတ်ဆက်လိုက်ပါသည်။ သူ၏နာမည်သည် ဇီဝကဖြစ်ကြောင်းနှင့် မဂဓမင်းသား အဘယ၏မွေးစားသားဖြစ်ကြောင်း ရှင်းပြလိုက်လေသည်။ "ဒါဆိုယင် သင်ဟာ ဇီဝကကုမ္မာရဘာရစ္စ ဟုတ်တယ်ပေါ့။" ဟု သူဌေးကြီးကပြန်မေးလိုက်သည်။ ဇီဝကသည်လည်း ဟုတ်မှန်ကြောင်း ဝန်ခံ ပြောကြား လိုက်ပါသည်။ ထိုနောက် ဇီဝကက "ကျွန်ုပ်သည် တက္ကသိုလ်မှဆေးသိပ္ပံပညာကိုသင်ယူပြီး ပြန်လာခဲ့ပါသည်။ လမ်းခရီး၌ မိန်းမပျိုတသိုက် ပြောနေသည်ကိုကြား၍ သူဌေးကတော်ကြီးသည် ခေါင်းကိုက် ဝေဒနာ ခံစားနေရကြောင်းသိခဲ့ရပါသည်။ ကျွန်ုပ်သည် သူဌေးကတော်ကြီး၏ ဝေဒနာကို ပျောက်ကင်းအောင်ကုသပေးချင်ပါသည်။ ဤသည်မှာ ကျွန်ုပ်နှလုံးသားထဲကစေတနာဖြစ်ပါသည်။ထို့ကြောင့် ကျွန်ုပ်အား စမ်းသပ်စစ်ဆေး ကုသခွင့် ပြုပါမည့်အကြောင်း တောင်းပန်အပ်ပါသည်။" ဟု သူဌေးကြီး အား ရှင်းပြလိုက်လေသည်။သူဌေးကြီးသည် သူ့အားဧည့်ခန်းတွင် နေရာထိုင်ခင်းပေးပြီးနောက် သူဌေးကတော်ကြီး ခံစားနေရသော ဝေဒနာ၏ ဖြစ်ပုံအလုံးစုံကိုရှင်းပြပေးလိုက်သည်။ သူဌေးကြီးသည် ထိုသို့ရှင်းပြနေသော်လည်း စိတ်ထဲ၌မူ သမားအကျော်အမော်များပင် သူ့မိန်းမ၏ရောဂါကို ပျောက်ကင်းအောင်မကုသနိုင်ပဲနှင့် ဤမျှငယ်ရွယ်၍ ဆေးလောက၌ နာမည်မျှ မရှိသောလူငယ်တဦးကကုသပေးနိုင်ပါမည်ဆိုသည်ကို မယုံရဲအောင်ဖြစ်နေပါသည်။ သူဌေးကြီး၏ ဤသံသယစိတ်နှင့် ရှုပ်ထွေးနေမှုကို ဇီဝကသည် ရိပ်မိပါသည်။ ထို့ကြောင့် သူသည်သူဌေးကြီးအားနှစ်သိမ့်လိုက်ပြီး "သူဌေးကြီး ခင်ဗျား–စိုးရိမ်ပူပင်မှုမရှိပါနှင့်၊ ကျွန်ုပ်ကုသကြည့်ပါမည်။ ရောဂါပျောက်ကင်းမှသာလျှင် ဆေးကုခကိုပေးပါ။ ရောဂါမပျောက်မချင်း ကျွန်ုပ်သည် မည်သည့် အခကြေးငွေကိုမျှတောင်းဆိုမည်မဟုတ်ပါ" ဟူ၍ပြောလိုက်သည်။ မယုံမရဲနှင့် သံသယကလည်းရှိနေသော၊ ကပ်စေးနဲပြီးလောဘကြီးသည့်သူဌေးကြီးသည် ဇီဝက၏အဆိုပြုချက်ကိုလက်ခံလိုက်လေသည်။ ထိုသို့ခွင့်ရပြီးနောက် ဇီဝကသည် သူဌေးကတော်ကြီး ရှိရာအပေါ်ထပ်သို့တက်ခဲ့လေသည်။

သူဌေးကတော်ကြီး၏ဦးခေါင်းကို ပုဝါဖြင့် တင်းကျပ်စွာပတ်ထားကြသည်။

Generated by CamScanner from intsig.com

သူမသည်နာကျင်လွန်းသည့် ဝေဒနာကြောင့်ငြီးငြူလှူးလိမ့်နေရသည်။ အစေခံတချို့သည် ဦးခေါင်းကိုနှိပ်ပေးနေပြီး တချို့မှာ ယပ်ခပ်ပေးနေကြသည်။ ဇီဝကသည် သင့်တော်သောနေရာတခုတွင်ထိုင်ပြီးနောက်၊ လူနာ၏အခြေအနေကိုလေ့လာအကဲခပ်နေလိုက်သည်။ မကြာခင်မှာပင် သူမဘာဖြစ်နေသည်ကို ဇီဝကသည် ခွဲခြမ်းသိမြင်သွားလေတော့သည်။

ဇီဝကသည် ပြတင်းပေါက်ရှိရာသို့ သွားရောက်၍ စံအိမ်တော် ၏ဥယျာဉ်မြေကိုစစ်ဆေးကြည့်ရှုလိုက်သည်။ စံအိမ်၏ မနီးမဝေးတွင် စိမ်းလဲ့ကြည်လင်နေသောရေကြည်စမ်းကလေးတခုသည် ကွေ့ကောက်၍အဝေးဆီသို့ စီးဆင်းသွားနေသည်ကိုတွေ့လိုက်ရ၍ ဇီဝကဝမ်းသာသွားသည်။ ဤနေရာ၌ ဆေးပင်များရှိနိုင်သည်ကို သူသိမြင်သည်။သူသည် သူဌေးစံအိမ်မှထွက်လာခဲ့သည်။ အချိန်တော့အနည်းငယ်ယူရပေလိမ့်မည်။သို့ဖြင့်သူသည် စမ်းချောင်းကလေးစီးဆင်းရာတဝိုက် တောတန်းဘက်သို့ ဆေးရှာထွက်ခဲ့တော့သည်။

သူ၏အစွမ်းအစကို စမ်းသပ်မှုစလေပြီ။ သို့သော်ပထမအကြိမ် တော့မဟုတ်ပါ။ တက္ကသိုလတွင် ပညာဆည်းပူးစဉ်က သူ၏အာစရိယဆရာကြီးသည် သူ့အားစမ်းသပ်ခဲ့ပြီးပြီမဟုတ်ပါလား။တောတခွင်တောင်တတန်းလုံး ဆေးဘက်မဝင်သော အပင်ဟူ၍ရှာမတွေ့ခဲ့။ သို့သော်ထိုအချိန်ကနှင့်ယခုသည် ခြားနားခဲ့လေပြီ။ယခုအခါ ပညာသင်ဇီဝက မဟုတ်တော့ပေ။ ဆေးဆရာကြီးဇီဝကဖြစ်နေလေပြီ။ အတွေ့အကြုံလည်းရှိခဲ့ဘူးပြီ။ နောက်ဆုံးတွင်သူသည် လိုအပ်သောဘယဆေးပင်ကို အောင်မြင်စွာရှာဖွေတွေ့ရှိခဲ့သည်။ သူသည်သူဌေးကြီး၏စံအိမ်တော်သို့ အမြန်ပြန်လာခဲ့သည်။ သူဌေးကတော်ကြီး၏အခန်းသို့ရောက်သောအခါ နွားနို့အကောင်းစား နှင့်ချက်သော ထောပတ်ဆီငါးကီလိုကို တောင်းယူလိုက်သည်။ ထောပတ်ဆီနှင့်ဘယဆေးပင်များကိုရော၍ကျိုချက်လိုက်ပြီး ဆေးဝါး အချို့နှင့်ရောနှောခါဖေါ်စပ်လိုက်သည်။

ဆေးကျိုချက်ပြီးနောက် အိမ်ဖေါ်မတဦးအား သူဌေးကတော်ကြီးကိုကျောမှီထားရန် အမိန့်ပေးလိုက်သည်။ အားလုံးပြင်ဆင်ပြီးနောက်၊ ဇီဝကသည် သူဌေးကတော်ကြီး၏ နှာခေါင်းအတွင်းသို့ ဆေးကိုလောင်းထည့်လိုက်ပြီး အသက်ပြင်းပြင်းရှူသွင်းရန်ညွှန်ကြားလိုက်သည်။ အသက်ပြင်းပြင်းရှူလိုက်သည့်အတွက် ဆေးတို့သည်နှာခေါင်းပေါက်မှတဆင့် ပါးစပ်တွင်းသို့စီးဝင်ကုန်ပြီးပြန်ထွက်လာတော့သည်။ သူဌေးကတော်ကြီးသည် သူ့ပါးစပ်အတွင်းမှကျလာသော ထောပတ်ဆီများကိုထွေးခံဖြင့်ခံပြီးသိမ်းထားရန်အစေခံမအား



အမိန့်ပေးလိုက်သည်။ ထောပတ်ဆီသည် မီးထွန်းလိုကထွန်းနိုင်ပြီး နှိပ်နယ်လိုကလည်းအသုံးပြုနိုင်လေသည်။ သူဌေးကတော်ကြီး၏ ဤမျှ စေးနဲသောအပြုအမူကိုမြင်သောအခါ ဇီဝကသည် အလွန်အံ့အားသင့်သွားသည်။ ဤသူဌေးကတော်ကြီးသည် လွန်စွာစေးနဲသည်ဟု မှတ်ချက်ချမိလေတော့သည်။

သို့သော်သူဌေးကတော်သည် အလွန်ပါးနပ်လိမ္မာပါသည်။ သူမသည် ဇီဝကအဘယ်သို့ထင်မြင်သွားသည်ကိုရိပ်မိသဖြင့် "သမားတော်ကြီးရှင့်- ဘာမှစိုးရိမ်သောကမဖြစ်ပါနှင့်။ ကျမသည်ကျိမ်းသေပင် ဆေးကုခကိုပေးမည်ဖြစ်ပါတယ်"ဟုရှင်းလင်းပြောပြလိုက်သည်။ဤနည်းစံနစ်ဖြင့် ဆရာကြီးဇီဝကသည် တကြိမ်ပြီးတကြိမ်ဆက်လက်ကုသလိုက်ပါသည်။ တနာရီခန့်ကြာသောအခါဆေးစွမ်းပြလာလေသည်။သူဌေးကတော်ကြီး၏ ခြောက်သွေ့ဖျော့နေသောမျက်နှာသည် သွေးရောင်ပြန်သမ်း၍စိုပြေလာသည်။ သူမ၏ (၇) နှစ်ကျော်ခံစားနေရသောခေါင်းကိုက်ဝေဒနာဆိုးကြီးမှ လုံးဝလွတ်မြောက်သွားလေပြီ။ ဇီဝကသည်လည်း သူ၏အောင်မြင်မှုကို လွန်စွာကျေနပ်နှစ်သိမ့်နေမိလေသည်။ တချိန်တည်းမှာပင် ဆရာသမား၏ဂုဏ်ကျေးဇူးကိုလည်း အထူးအောက်မေ့သတိရမိသည်။သူသည် သမားတော်များစွာ လက်လျှော့ခဲ့ရ သောဝေဒနာကို ရှူဆေးတမျိုးတည်းဖြင့် အပြီးအပိုင်ကုသလိုက်နိုင်လေပြီ။ သူဌေးကတော်ကြီး၏ ရောဂါပျောက် ကင်းကြောင်းသတင်းသည် တမဟုတ်ချင်းပင် မိသားစုအတွင်း ပြန့်နှံ့သွားလေတော့သည်။ သူဌေးကြီး၏ပျော်ရွှင်မှုမှာ အတိုင်း အဆမရှိတော့။ ဆရာဇီဝက လှေကားမှဆင်းလာသောအခါ သူဌေးကြီးသည် အဆင်သင့်ဆီးကြိုနေသည်။သူဌေးကြီးသည် ဆရာဇီဝက၏အစွမ်းကိုအလွန်ချီးမွမ်းပြောဆို၏။ ဆရာဇီဝက၏အံ့မခန်းဆေးပညာစွမ်းကို ထောပနာပြု၏။ ကျေးဇူးတင်ကြောင်းလည်း အထပ်ထပ်ပြော၏။ သူဌေးကြီးသည် ရွှေဒင်္ဂါး (၁၆၀၀၀) တသောင်းခြောက်ထောင်၊ အစေခံယောကျ်ား၊ အစေခံမိန်းမများနှင့် အကောင်းဆုံးမြင်းများကသော လှည်းတစီးတို့ကို ပညာပူဇော်ခအဖြစ်ပေးအပ်ပြီး၊ ကိုယ်တိုင်ပင် ရာဇဂရိဟ(ရာဇဂြိုလ်)သို့ သွားရာလမ်းအထိ လိုက်လံပို့ဆောင်ခဲ့လေသည်။

ဤသို့သူဌေးကြီး၏ လက်ဆောင်မြင်းရထားဖြင့် စီးလာယင်း ရာဇဂရိဟမြို့၏နယ်စပ်တောင်တန်းသို့ရောက်လာခဲ့သည်။ ဇီဝကသည် တောင်တန်းပေါ်မှရှုခင်းများကိုကြည့်ယင်း သူ၏အတိတ်ကာလကို ပြန်ပြောင်းသတိရမိလေသည်။ မိခင် ဖြစ်သူ ပြည့်တန်ဆာမ သလ္လဝတီ(Salvita) သည် သူ့အား ရက်စက်စွာ

Generated by CamScanner from intsig.com

အမှိုက်ပုံပေါ်၌ပြစ်ထားခဲ့သည်။ အကြင်နာတရားကြီးမားသော အဘယ မင်းသားကြောင့်သာ သူအသက်ရှင်ခဲ့ရသည်။ အဘယမင်းသားသည် သူ၏ ကျေးဇူးရှင်အစစ်ဖြစ်၏။ သူ့အပေါ်၌လည်း အလွန်ချစ်ခင်စောင့်ရှောက်ခဲ့၏။ သူယခုကဲ့သို့ ကြီးကျယ်အောင်မြင်လာမှုများသည် အဘယမင်းသား၏ ကျေးဇူးကြောင့်သာဖြစ်ကြောင်း သူကောင်းစွာသဘောပေါက်မိလေသည်။ အဘယ မင်းသား၏သူ့အပေါ်ချစ်ခင်ပုံ၊ မွေးစားသားဆိုသော်လည်း သားရင်း နှင့်မခြား စောင့်ရှောက်ယုယပုံတို့ကိုပြန်လည်အမှတ်ရမိလေသည်။ ထို့ကြောင့် ဇီဝက သည် မွေးစားဖခင်အဘယမင်းသားကို ပြန်လည် ကျေးဇူးဆပ်လိုလာသည်။ သူ ငွေးကြီးပေးလိုက်သော လက်ဆောင်များသည် အဘယမင်းသား၏ ကျေးဇူးကြောင့် မဟုတ်ပါလား။ ဇီဝကသည် အဘယမင်းသားထံ ခစားဝင် လိုက်ပြီး "အရှင်–ဤရွှေ၊ ငွေများ၊ အစေခံယောကျ်ား၊ မိန်းမများ၊မြင်းများနှင့် ရထားတို့သည် ကျွန်တော်မျိုး၏ပထမဆုံးလုပ်အား၊ ပညာစွမ်းရည်ဖြင့်ရရှိခဲ့ ခြင်းဖြစ်ပါသည်။ ကျွန်တော်မျိုးသည်အရှင့်ဂုဏ်ကျေးဇူးကို အောက်မေ့သတိရ ခြင်းဖြင့် အရှင့်အားအပ်နှံပါသည်။လက်ခံတော်မူပါ"ဟု လျှောက်ထားလိုက်ပါ သည်။ ထိုအခါ အဘယမင်းသားက"မဟုတ်ပါဘူး၊ဇီဝက ဤလက်ဆောင်တို့ သည် သင့်အတွက်သာ ဖြစ်ပါတယ်၊ သင်သာလျှင်ပိုင်ဆိုင်သင့်ပါတယ်၊ သင် ကိုယ်တိုင်လည်း ယခုအခါ အရွယ်ရောက်ပြီဖြစ်၍ ကိုယ်ပိုင် အိုးအိမ် ရှိသင့်ပါပြီ။ ယခုပင်သွား၍ ငါတို့၏နန်းဝင်းအတွင်း စံအိမ်တဆောင်ကိုဆောက်လေလော့၊ –ဟု ပြန်လည်ပြော လိုက်သည်။ ဇီဝကလည်း မွေးစားဖခင် အဘယမင်းသား၏ ညွှန်ကြားချက်အတိုင်း နန်းဝင်းအတွင်းစံအိမ်တလုံးကို ဆောက်လုပ်လိုက် လေသည်။

# ဇီဝက အတူမဲ့သမားတော်ကြီး

## ဗိမ္ဗိသာရမင်းကြီး၏ စအို အူကျရောဂါ (လိပ်ခေါင်းရောဂါ)

တခါသော် မဂဓတိုင်းဘုရင်ဗိမ္ဗိသာရမင်းကြီး၌ ရောဂါဝေဒနာတခု ခံစားခဲ့ရ သည်။ ဘုရင်ကြီး၏စအိုအတွင်း၌အူကျရောဂါဖြစ်၏။ ၄င်းအနာမှ သွေးယိုစီး သောအခါများတွင် ဘုရင်ကြီး၏ခါးဝတ်ပုဆိုးမှာ သွေးများဖြင့် ရွှဲရွှဲစိုနေတော့ သည်။ ဤသည်ကို မိဘုရားများက “ဒို့ဘုရင်ကြီးတော့ မိန်းမဓမ္မတာအတိုင်း ရာသီလာနေပြီ။ မကြာခင် လစေ့နေ့စေ့နဲ့ ကလေးမွေးတော့မယ်ထင်တယ်” ဟု ဝိုင်း၍ လှောင်ပြောင်ပြောကြဆိုကြလေသည်။ ဤပြောင်လှောင်မှုကြောင့် ဘုရင်ကြီးသည် အလွန်ရှက်မိလေသည်။ သို့သော်သူ့၌အကူအညီမဲ့နေသည်။ သူဘာပြန်ပြောနိုင်မည်နည်း။ သူဘာလုပ်နိုင်မည်နည်း။ထို့ကြောင့်လည်း သူသည် ဆေးဝါးမျိုးစုံသုံး၍ကုသသည်။ မရ။ သမားအကျော်များဖြင့် ပြကြည့် သည်။မရ။ မပျောက်သည့်အပြင် ဆေးတမျိုးသုံးလျှင် တခါပိုဆိုးလာပြန်တော့ သည်။ဘုရင်ကြီးသည်စိတ်ဓါတ်အကြီးအကျယ်ကျဆင်းလာသည်။ နောက်ဆုံး မိဘုရားများ၏လှောင်ပြောင်မှုနှင့် ဆိုးဝါးလှသောဝေဒနာကို မခံမရပ်နိုင်သည့် အဆုံး၌ အဘယမင်းသားကို ရှေ့တော်ခေါ်၍ ဖွင့်ဟတိုင်ပင်ရလေတော့သည်။ “ချစ်သားအဘယကုမ္မာ၊ကြည့်လော့၊ ငါသည် ဤဝေဒနာကိုခံစားနေရပါ သည်။ဤသွေးများကြောင့်လည်းမိဘုရားများက ငါ့အားနောက်ပြောင်ကျီစယ် ကြပါပြီ။အသင်မင်းသားသည်သိကျွမ်းသမျှ သမားတော်များကိုမေးမြန်းရှာဖွေ ပြီး အမြန်ခေါ်လာလှည့်ပါ”ဟုတောင်းပန်လိုက်လေသည်။ ဘုရင်ကြီး၏ စကားကိုကြားလျှင် အဘယမင်းသားသည် ဇီဝကကို အမှတ်ရမိ၏။ သို့သော် သူ့၌သံသယအနည်းငယ်ရှိနေသေးသည်။ နာမည်ကျော်သမားတော်ကြီး များပင် လက်လျှော့ရသောဘုရင်ကြီး၏ဝေဒနာကို ငယ်ရွယ်သော ဇီဝကသည် ပျောက်ကင်းအောင် ကုသနိုင်ပါမည်လား။ အကယ်၍ မပျောက်ကင်းခဲ့သော်။– သို့ရာတွင်အခြားတဘက်၌ ဇီဝကသည် သမားအကျော်များ လက်လွှတ်ခဲ့ သည့် သူဌေးကတော်ကြီး၏ခေါင်းကိုက်ဝေဒနာကိုပျောက်ကင်းအောင် ကုသ နိုင်ခဲ့၏။ သက်သေအရလည်း လက်ဆောင်ပဏ္ဏာများစွာရခဲ့၏။ တိုင်ပင်ကြည့် လျှင်မှားအံ့မထင်ဟု မင်းသားသည်တွေးမိ၏။ ဤအကြောင်းကို ဘုရင်ကြီး အား ပထမပွင့်လင်းစွာလျှောက်ထားလိုက်သည်။“အရှင်မင်း– ကျွန်တော်မျိုး ယခုခေါ်လာမည့် သမားတော်သည် အသက်ငယ်ရွယ်သော်လည်း တော်ပါ

Generated by CamScanner from intsig.com

သည်။ ကျွန်တော်မျိုးသည် အကျိုးအကြောင်း စုံစမ်းမေးမြန်း၍ ခေါ်လာပါမည်။ ကျွန်တော်မျိုး၏အထင်တော့ဖြင့် သူသည် အရှင့်ရောဂါကို ကုနိုင်လိမ့်မည်ဖြစ်ကြောင်းယုံကြည်မိပါသည်။" ထို့နောက်မင်းသားသည် ဇီဝကကိုခေါ်၍ ဗိမ္ဗိသာရမင်းကြီးခံစားနေရသော ရောဂါအကြောင်းကိုရှင်းပြပြီး "ဇီဝက- ငါသည် သင့်တယောက်ကိုသာ ယုံကြည်ပါသည်။ဘုရင်ကြီးထံခစား၍ သူ၏ရောဂါကို ပျောက်ကင်းအောင် ကုလှည့်ပါ၊" ဟု မိန့်ဆိုခိုင်းစေလိုက်သည်။ ဇီဝကလည်း ဖခင်မင်းသား၏အမိန့်ကို ဦးထိပ်ပန်ဆင်၍ ဗိမ္ဗိသာရမင်းကြီးထံ အခစားဝင်ရောက်ခဲ့သည်။ နန်းဆောင်အတွင်းရောက်သောအခါ ဘုရင်ကြီးသည် ကုတင်ပေါ်၌ မှောက်လျှက်အနေအထားဖြင့် လှဲနေပြီး ဝေဒနာကြောင့် ညည်းညူနေရှာ၏။ဇီဝကသည် သူ၏လာရင်းအကြောင်းကို သံတော်ဦးတင်လိုက်ပြီး ရောဂါ၏အခြေအနေကို အသေးစိပ်မေးမြန်းလိုက်သည်။ ဘုရင်ကြီးလည်း ဖြစ်ပုံပျက်ပုံ အလုံးစုံကိုရှင်းပြသည်။ ထို့နောက်ဇီဝက၏ လက်ကိုကိုင်လိုက်ပြီး "ငါ့အား ကယ်တင်ပါလော့။ ငါသည် ဤရောဂါဖြင့် မကြာခင်သေရတော့မည်ဟုစိုးရိမ်နေပါသည်၊" ဆိုခါ အားကိုးတကြီး ပြောလိုက်ပါသည်။ထိုအခါဇီဝကသည် "မြတ်သောမင်းကြီး၊ အဘယ မင်းသားသည် ကျွန်တော်မျိုးအား အလုံးစုံ မှာကြားလိုက်ပြီးဖြစ်ပါသည်။စိုးရိမ်ကြောင့်ကြတော်မမူပါနှင့်။ သို့သော် အရေးတကြီးမှာကြားလိုသည်မှာ ယခုမှစ၍နောင်တွင် အစားအသောက်ကိုဆင်ခြင်တော်မူပါ။ လွန်မင်းစွာမစားပါနှင့်" ဟူ၍လျှောက်ထားလိုက်လေသည်။

ထိုနောက်ဇီဝကသည် တောတခွင်လှည့်ကာလိုအပ်သောဘယဆေးပင်များကို ရှာဖွေစုဆောင်း၍ လိမ်းဆေးမျိုးကိုဖေါ်စပ်လိုက်လေသည်။ သူသည် ထိုလိမ်းဆေးကို ကိုယ်တိုင်လက်နှင့်ယူ၍ ဘုရင်ကြီး၏ရောဂါရှိရာနေရာသို့ သုတ်လိမ်းပေးလိုက်သည်။ ထိုခဏ၌ပင် ဝေဒနာသည် အတန်ငယ်သက်သာလာကြောင်း ဘုရင်ကြီးသည်ခံစားမိသည်။ ဤသို့တပတ်မျှဆေးလိမ်းကုသပေးလိုက်သောအခါ ဘုရင်ကြီး၏ရောဂါဝေဒနာသည် ရှင်းရှင်း ပျောက်ကင်းသွားလေသည်။ နာကြင်သောခံစားရမှုများ စိတ်ဓါတ်ကျဆင်းခဲ့ရမှုများမှာလည်း၊လုံးဝကင်းရှင်းသွားတော့သည်။ အထူးသဖြင့် မိဘုရားများ၏ကျီစယ်ခြင်းဒဏ်မှလွတ်ကင်းသွားလေသည်။ မိဘုရားများသည်လည်း အလွန်ဝမ်းသာကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် ဇီဝကအား ဘုရင့်ညီလာခံသို့ ဆင့်ခေါ်လိုက်လေသည်။ မှုးမတ်သေနာပတိအစုံအညီရှေ့တွင် အစေခံ (၅၀၀)



နှင့်တကွ ရွှေငွေ ကျောက်သံပတ္တမြားများစွာကို ဆုတော်လာဒ်တော်အဖြစ် ချီးမြှင့်လိုက်လေသည်။ သို့သော် ဇီဝကသည် ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဤသို့ ငြင်းဆိုလိုက်သည်။ "အရှင်မင်းမြတ်၊ ကျွန်တော်မျိုးသည် ဤမျှဆုလာဒ်တို့ကို မလိုအပ်ပါ။ အရှင်မင်းမြတ်၏ မေတ္တာကရုဏာကြောင့် ကျွန်တော်မျိုးသည် များစွာကြွယ်ဝပြီးပါပြီ၊ ကျွန်တော်မျိုးသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် အရှင့်အမှုတော်ကို ထမ်းရွက်နေဦးမည်ဖြစ်ပါသည်။အရှင်မင်းကြီး ကျမ်းမာလာခြင်းဟူသော ဆုလာဒ်ထက်မြင့်မြတ်သောဆု ကျွန်တော်မျိုး အတွက် မရှိတော့ပါ။ သို့သော်အရှင်မင်းကြီးသည် ကျွန်တော်မျိုး၏အပေါ် အစဉ်အမှတ် ရပါလျှင် ကျေနပ်ပါပြီ။ ကျေးဇူးပြု၍ ဤရွှေငွေကြေးတို့ကို လူခပ်သိမ်းတို့၏ အကျိုးစီးပွားအတွက် အသုံးပြုပေးပါ။ ဤသို့ဆောင်ရွက်ခြင်းသည်သာ မှန်ကန်သောနည်းလမ်းဖြစ်ပါသည်၊" ဇီဝက၏လျှောက်တင်ချက်ကို ကြားရသော် မင်းကြီးသည် အလွန်နှစ်ထောင့်အားရဖြစ်မိသည်။ ဇီဝက၏ လူသားချင်းစာနာထောက်ထားသော အသိတရားသည် ဘုရင်ကြီးအား များစွာ ကျေနပ်သွားစေတော့သည်။

"ကောင်းပြီဇီဝက၊ ဤဆုလာဒ်များကို သင်ကိုယ်တိုင်လက်မခံလိုသည်ရှိသော် ထားလော့၊ သင်၏လျှောက်တင်ချက်ကိုလည်း ငါကိုယ်တော်မြတ် လက်ခံပါသည်။ သင့်အားငါတောင်းဆိုလိုသည်မှာ နောင်ခါများတွင်လည်း ငါ၏ ကျမ်းမာရေးအတွက် အသင်ဂရုစိုက်ပါ။ သင်သည် နန်းတွင်းသူများကိုလည်း ကြည့်ရှုစစ်ဆေးပေးပါ။ ထိုမှကျော်လွန်၍ ယနေ့မှသည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်နှင့်သံဃာတော်များ၏ ကျမ်းမာရေးကိုလည်း စောင့်ရှောက်ပါ၊" ဇီဝကလည်း "ကောင်းလှပါပြီ အရှင်မင်းကြီး၊ ကျွန်တော်မျိုးသည် အရှင်မင်းကြီး၏အမိန့်တော်အတိုင်း လိုက်နာဆောင်ရွက်ပါမည်" ဟု ဝန်ခံလျှောက်ထားလိုက်လေသည်။ နောက်မကြာမီပင် သမားတော်ဇီဝကသည် သမားအရည်အချင်း၊ ဆေးဝါးကျွမ်းကျင်မှုနှင့်အတ္တမဖက်၊ အများအကျိုးဆောင်ရွက်မှုတို့ကြောင့် မင်းကြီးသည် ဇီဝကအား မဂဓတိုင်း၏ နန်းတွင်း တော်ဝင်သမားတော်ကြီး (Raj Vaidya) အဖြစ် ဂုဏ်ပြုခန့်ထားလိုက်လေသည်။ ဤသည်မှာ သမားတော်ကြီးဇီဝကအတွက် အကြီးအကျယ်ဆုံးချီးမြှင့်ခံရမှုပင်ဖြစ်သည်။ ထိုအချိန်မှစ၍ဇီဝကသည်သာမန်သမားတော်မဟုတ်တော့။ နန်းတွင်းတော်ဝင်သမားတော်ကြီး ဇီဝကဖြစ်ခဲ့လေသည်။

## ရာဇဂရိဟ (ရာဇဂြိုလ်) မြို့ သူဌေးကြီးနှင့် သမားတော်ကြီး ဇီဝက

နောက်တဖန် သမားတော်ကြီးဇီဝကအတွက် အတွေ့အကြုံ နှင့်စမ်းသပ်မှုတခု ပေါ်လာခဲ့ပြန်သည်။ ဦးခေါင်းကိုခွဲစိပ်ကုသရန်ဖြစ်သည်။ ဤကုသမှုသည် ဆေးသိပ္ပံပညာတွင် သမိုင်းဝင်မှတ်တိုင်တတိုင်အဖြစ် ရပ်တည်ဆဲဖြစ်ပါသည်။ လူနာမှာ ရာဇဂရိဟမြို့မှနာမည်ကျော်သူဌေးကြီးဖြစ်သည်။ ကမ္ဘာ့ဆေးပညာလောကတွင် အိန္ဒိယနိုင်ငံ၏သဘာဝဓမ္မတိုင်းရင်းဆေးသိပ္ပံစွမ်းရည်ကို အထင်ကရဖြစ်စေသော အောင်မြင်မှုလည်းဖြစ်ပါသည်။ ဇာတ်လမ်းကို ဆက်ရသည်ရှိသော် မဂဓတိုင်း၏မြို့တော်ရာဇဂရိဟ၌ အလွန်ကြွယ်ဝချမ်းသာသော သူဌေးကြီးတဦးရှိလေသည်။ သူ့၌နန်းတော် တမျှခန်းနားလှသော စံအိမ်တော်ကြီးလည်းရှိ၏။ အကောင်းဆုံးဆိုသော ဇိမ်ခံပစ္စည်းများလည်းရှိ၏။ သို့သော် သူ့၌ ပေါ်မပြနိုင်သော ခေါင်းကိုက်ခဲ့သည့်ရောဂါသည် ခံစားရလျက်ရှိသည်။ ထိုရောဂါသည်(၇)နှစ်တိုင်တိုင် သူ့အားဖိစီးခဲ့လေသည်။ ရောဂါကြောင့် သူဘာမှမလုပ်နိုင်၊မစားနိုင်၊ ခေါင်းကိုက်ပြီဆိုလျှင်သူ့ခေါင်းအား ဖိနပ်ဖြင့် ထုရိုက်ပေးရသည်။နည်းနည်းသက်သာသလိုသာ ရှိ၏။သို့သော် ပျောက်ကားမပျောက်နိုင်။



သူဌေးကြီးခေါင်းကိုက်လာလျှင် ဤသို့ဖိနပ်ဖြင့်ရိုက်ပေးရ၏။



ဤသည်မှာနေ့တရုဝ အလုပ်ဖြစ်သည်။ ချမ်းသာသမျှ ပုံ၍ကုသကြည့်သည်။ ကောင်းနိုးရာရာဆေးများစားကြည့်သည်။ သမားအကျော် ဆိုသူများကို ခေါ်ပြခဲ့သည်။ ငွေသာကုန်သည်၊ရောဂါကတော့ ဒုံရင်းအတိုင်း။

တခါသော် သူဌေးကြီးသည် ထိပ်ဆုံးတန်းသမားတော်ကြီး နှစ်ယောက်ကိုခေါ်၍ သူ့ရောဂါကိုစမ်းသပ်ခိုင်း၏။ တဦးသောသမားတော်က ဤသူဌေးကြီး၏ ရောဂါသည် ဆေးမရှိတော့။ ကျိမ်းသေအသက်ဆုံးရတော့မည်။ အလွန်ဆုံးခံလျှင်ငါးရက်ဟု ဆိုသည်။ နောက်တဦးကမူတပတ်အတွင်း သေဆုံးလိမ့်မည်ဟု ဆိုလေသည်။ သူကပြောသည်မှာ သူဌေးကြီး၏ဦးခေါင်းထဲတွင် သန်ပိုးရှိ၏။ ထိုသန်ပိုးတို့ကိုက်ခဲသောအခါ ခေါင်းကိုက်နာကြင်၏။ ထိုအခါတွင် ဤနေရာသို့ ဖိနပ်ဖြင့်ရိုက်ပါက သန်ပိုးတို့ငြိမ်သွားသဖြင့်သက်သာသလိုရှိ၏။ သို့သော် ခဏသာရမည်ဟုဆိုလေသည်။ ထိုခေတ်ထိုအခါကသူဌေးရာထူးဆိုသည်မှာ အလွန်အရေးပါပေသည်။ ဤသူဌေးကြီးသည် ဘုရင်ဗိမ္ဗိသာရမင်းကြီးအဘို့ အလွန်အရေးကြီးပါသည်။ ထို့ကြောင့်သူဌေးကြီး၏စိုးရိမ်စရာအခြေအနေသည် ဘုရင်ကြီးအတွက် တစုံတခုအရေးယူဆောင်ရွက်ပေးရန် လိုအပ်လာတော့သည်။ ထိုကိစ္စအတွက် ဘုရင်ကြီးသည် သမားတော်ကြီးဇီဝကကို အမှတ်ရမိလေသည်။ သူ၏အူကျရောဂါကိုပျောက်ကင်းအောင် ကုသပေးနိုင်သူ မဟုတ်ပါလား။ သို့ဖြင့် ဘုရင်မင်းမြတ်သည် သမားတော်ဇီဝကအား ဆင့်ခေါ် တော်မူ၍ အခြေအနေကိုရှင်းပြလိုက်လေသည်။ "သမားတော်ကြီးဇီဝက– ဤသူဌေးကြီးသည် ငါကိုယ်တော်အတွက် အလွန်အရေးကြီးသောပုဂ္ဂိုလ်ဖြစ်ပါသည်။ ဤတိုင်းပြည်အတွက် သူသည်မရှိမဖြစ် လိုအပ်သောသူဖြစ်ပါသည်။ ကျေးဇူးပြု၍ သူ့ရောဂါကိုပျောက်အောင်ကုပေးပါ။ ငါကိုယ်တော်သည် သင့်အားလုံးဝဥဿုံ ယုံကြည်ပါသည်။ သင်တဦးသာလျှင်သူ၏ရောဂါ ပျောက်အောင်ကုနိုင်မည့်သူ ဖြစ်ပါသည်၊" ဟုအမိန့်တော်ရှိလိုက်လေသည်။ သမားတော် ကြီးဇီဝကလည်း ဘုရင်မင်းမြတ်အား စိတ်ချတော်မူရန် ပြန်လည်လျှောက်ထားလိုက်လေသည်။ သူသည် ဘုရင် မင်းမြတ်၏အမိန့်တော်ကို ဦးထိပ်ပန်ဆင်၍ သူဌေးကြီးအိမ်သို့ သွားရောက်ခဲ့သည်။ သူဌေးကြီး၏ခေါင်းကိုက်ရောဂါဝေဒနာကို သေချာစွာစစ်ဆေးကြည့်လိုက်သည်။ သူဌေးကြီး၏ခေါင်းထဲတွင် သန်ပိုးနှစ်ကောင်ရှိနေကြောင်း၊ ၎င်းသန်ပိုးနှစ်ကောင်သည် အရွယ်အစားမတူကြောင်း၊ စစ်ဆေးတွေ့ရှိလိုက်သည်။ ပထမသန်ပိုးအကြီးသည် သူဌေးကြီး၏ဦးနှောက်ကို ငါးရက်အတွင်း ဝင်ရောက်ကိုက်ခဲတော့မည်ဖြစ်သည်။ ထို့ကြောင့်သူဌေးကြီးသည်


ငါးရက်အတွင်း သေဆုံးရမည်ဖြစ် သည်။ ဒုတိယသံပိုးသည် (၇) ရက်အတွင်း ဦးနှောက်ကို စားသောက်ပစ်မည်ဖြစ်၍ သူဌေးကြီးသည် (၇) ရက်အတွင်း သေဆုံးရမည်ဖြစ်သည်။

ထို့ကြောင့်ပင် သန်ပိုးအကြီးကိုတွေ့ရှိသော ပထမသမားတော်ကြီးက ငါးရက်အတွင်းသေဆုံးမည်ဟုပြောခဲ့ခြင်းဖြစ်ပြီး၊ ခုနစ်ရက်အတွင်း သေဆုံးမည်ပြောသော ဒုတိယသမားတော်သည်သန်ပိုးအငယ်ကိုသာ တွေ့ရှိခဲ့၍ဖြစ်ပါသည်။ သို့သော် သမားတော်ကြီးဇီဝကမှုကား သန်ပိုးနှစ်ကောင်စလုံးကိုတွေ့ရှိခဲ့ပြီး ပျောက်အောင်ကုပေးမည်ဟု ခိုင်မာစွာပြောဆိုလိုက်လေသည်။ ဆရာကြီးဇီဝကသည် ဤသို့စတင်၍ကတိကဝတ်ပြုခိုင်းလိုက်သည်။ "သူဌေးမင်း သင်၏ စိုးရိမ်ပူပန်မှုများကို ဖယ်ရှားလိုက်ပါတော့။ မကြာမီမှာပင် သင့်ရောဂါသည် ပျောက်ကင်းသွားပါလိမ့်မည်။ သို့သော် ကျွန်ုပ်သည် သင့်အတွက်အလွန်အရေးကြီးသောညွှန်ကြားချက်နှစ်ခုကို သင်လိုက်နာနိုင်ပါမည်လော။ ယခုအလျှင် ကတိလိုချင်ပါသည်။ ပထမတခုမှာ ကျွန်ုပ်ကုသစဉ် မည်မျှပင်နာကျင်စေကာမူ သင်သည်းခံရပါမည်။ ဒုတိယအချက်မှာ သင်သည်အိပ်ယာထဲ၌ (၂၁)လတိတိ လဲလျောင်းနေရမည်ဖြစ်သည်။သို့ရာတွင်(၇)လပြည့်လျှင် တကြိမ် ဘယ်ညာနှင့် ပက်လက်အနေအထားပြောင်းနိုင်ပါသည်။ ဤကတိအတိုင်းသင်ပြုကျင့်လိုက်နာနိုင်ပါလျှင် ကျွန်ုပ်သည် ကျိမ်းသေပျောက်အောင် ကုပေးပါမည်။" ဟု ပြောလိုက်သည်။ ထို့ပြင်ဤသို့ထပ်ဆင့်ပြီး၊ "သင် ယခုကတိပြုပါလျှင် ကျွန်ုပ်ကလည်း ယခုပင် ကုပေးပါ မည်။"–ဟူ၍ပြောလိုက်သည်။

သူဌေးကြီးသည် သဘောကျနှစ်ခြိုက်စွာရယ်လိုက်သည်။ ပြီးနောက် "အို–သမားတော်ကြီး၊သင်ဘယ်လိုပြောလိုက်သလဲ၊ ကျွန်ုပ်သည် သင်၏ညွှန်ကြားချက်အတိုင်း မသွေမတိမ်းနေပါမည်၊" ဟုပြန်လည်ကတိပြုလိုက်လေသည်။ သူဌေးမင်း ထံမှသဘောတူကတိရရှိပြီးနောက် ဆရာဇီဝကသည် သူဌေးမင်းအား အိမ်အပေါ်ထပ်သို့တက်ခိုင်းပြီး သစ်သား ကုတင်တခုပေါ်လှဲစေခါ ကြိုးဖြင့်တုတ်ချည်ထားလိုက်သည်။

ထို့နောက် ထက်လှစွာသောဓါးဖြင့် သန်ပိုးရှိနေသော ဦးခေါင်းအပိုင်းကို ဖြတ်တောက်သည်။ ဦးခေါင်းအရေခွံနှင့် အရိုးခွံကိုခွာပြီးနောက် သန်ပိုးနှစ်ကောင်ကို ညှပ်ယူဆွဲထုတ်လိုက်လေသည်။ ခွဲစိပ်ထုတ်ယူမှုပြီးသည်နှင့် ဦးခေါင်းခွံကို နေရာတကျပြန်ထည့်ချုပ်၍ လိမ်းဆေး လိမ်းခါ ပတ်တီးဖြင့် ပါတ်ထားပေးလိုက်သည်။





ဆရာကြီးဇီဝက သူဌေးကြီး၏ဦးခေါင်းကို ခွဲစိပ်ကုသနေစဉ်၊

ရက်အနည်းငယ်အတွင်း အနာလည်းကျက်သွားပြီး သူဌေး၏ခေါင်းကိုက်ရောဂါမှာ ရှင်းရှင်း ပျောက်သွားလေတော့သည်။ အလွန်အံ့သြစရာကောင်းအောင်ပင် သူဌေးမင်း၏ဦးခေါင်း၌ချုပ်ရိုးခွဲစိပ်ရာကို မည်သူမျှရှာဖွေမတွေ့နိုင်ခဲ့ဟုဆိုသည်။ဤသည်ကို ထောက်ရှုကြည့်ခြင်းအားဖြင့် ဆရာဇီဝက၏ ဆေးပညာနှင့်ခွဲစိပ်ပညာ မည်မျှတော်သည်၊ တိကျသည်ဆိုသည်ကိုတွေ့ရှိနိုင်ပါသည်။ သူဌေးမင်းသည် ခေါင်းကိုက်ဝေဒနာ လုံးဝပျောက်ကင်းသွားပြီဖြစ်သော်လည်း ဆရာကြီး၏ညွှန်ကြားချက် အတိုင်း အနေ အထားသုံးမျိုးဖြင့် နှစ်ဆယ့်တလ နေရဦးမည်ဖြစ်လေသည်။ နှစ်ဆယ့်တရက်ပြည့်မြောက်သောနေ့တွင် ဆရာကြီးဇီဝက သည် သူမှာကြားသည့်အတိုင်း သူဌေးမင်းနေမနေကို လာရောက်ကြည့်ရှုစစ်ဆေးလေသည်။ သူဌေးမင်း၌မည်သည့် အမှားအယွင်းမှ မရှိကြောင်းတွေ့ရသောအခါ "အိုသူဌေးမင်း၊ယခုသင်သည် ထနိုင်လျှောက်နိုင်ပါပြီ၊သင်သည်ပုံမှန်အတိုင်း ဖြစ်နေပါပြီ၊ သင်နှစ်ဆယ့်တရက်တိတိ ယခုလိုသည်းခံနေ ပေးခြင်းသည် သင့်အနာအား ကျက်ရန်အချိန် လုံလောက်ပါပြီ၊" ဟု ပြောပြလိုက်သည်။သူဌေးမင်းလည်း ဝမ်းသာအံ့သြသွားသည်။ ကျီဆယ်

Generated by CamScanner from intsig.com

လေသလားအထင်ဖြင့် "အို–သမားတော်ကြီးဇီဝက၊ သင်ကိုယ်တိုင် နှစ်ဆယ့်တလနေရမည်ဟုညွှန်ကြားထားခဲ့သည်မဟုတ်ပါလား။ ယခုနှစ်ဆယ့်တရက်သာရှိသေးသည်၊တကယ်ဖြစ်နိုင်ပါ့မလား။" သေချာအောင် ထပ်မေးလိုက်ပြန်ပါသည်။ ဆရာကြီးဇီဝကလည်း ရယ်မောပြုံးရွှင်စွာဖြင့် "တကယ်လို့ ကျွန်ုပ်က နှစ်ဆယ့်တရက်နေပါဟုဆိုလျှင် သင်သည်စိတ်လောပြီး (၇)ရက်လောက် ကြာလျှင်ပင် ငြီးငြူပင်ပန်းပြီး ထချင်၊လှုပ်ချင်နေပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည် နှစ်ဆယ့်တလဟုပြောခဲ့ပါသည်။ ဤအချိန်မကြာမီအတွင်း နှစ်ဆယ့်တရက်သည် သင့်အတွက်ဘာမျှမဟုတ်၊သည်းခံရန်နေနိုင်ခဲ့သည်မဟုတ်ပါလား။ ထို့ကြောင့်သင်သည် ကောင်းစွာပျောက်ကင်းခဲ့ရပြီ။"ဟု နှစ်သိမ့်ပြောကြားလိုက်သည်။သူဌေးမင်းလည်း ဆရာကြီးအား ဖက်လှဲတကင်းပြု၍ အထပ်ထပ်ကျေးဇူးတင်နေလေတော့သည်။ သူဌေးကြီးသည် ဆရာကြီးဇီဝက၏ ပညာစွမ်းရည်ကိုချီးမွမ်း၍ မကုန်နိုင်အောင်ဖြစ်နေလေသည်။ ဆရာကြီး၏ပညာအားပူဇော်သောအားဖြင့် မြောက်မြားစွာသောရွှေငွေများကို လက်ဆောင်ပေးလေသည်။ သို့သော်ဆရာဇီဝကသည် လက်မခံပဲငြင်းပယ်ခဲ့သည်။ နောက်ဆုံးတွင် ဗိမ္ဗိသာရမင်းကြီး၏ ကူညီတိုက်တွန်းချက်ကြောင့် ရွှေဒင်္ဂါးတသိန်းနှင့် လက်ဆောင်အချို့ကိုသာ လက်ခံခဲ့လေသည်။ ဤသို့ပေးခွင့်ရသည်ကိုပင် သူဌေးကြီးသည် အလွန်မှကျေနပ်ဝမ်းသာနေမိသည်။ ထိုအချိန်မှစ၍ ဇမ္ဗူဒီပါကျွန်းတခွင်တွင် သမားတော်ကြီးဇီဝက၏ ဆေးပညာအစွမ်းသည် လျှမ်းလျှမ်းတောက်ကျော်ကြားလာလေတော့သည်။ ဆရာကြီးဇီဝကအား အတုမဲ့သမားတော်ကြီး အဖြစ် အသိအမှတ်ပြုကြရတော့သည်။ တမြို့လုံးတပြည်လုံး ဆရာကြီး၏အတုမဲ့ဆေးပညာကို ပြောဆိုမဆုံး ဖြစ်နေကြတော့သည်။

ထိုမျှမကဆရာကြီးဇီဝကသည် မီးယပ်သားဖွားပညာရပ်၌လည်း ကျွမ်းကျင်သူဖြစ်ပါသည်။ ဤအဖြစ်အပျက်သည် သူ့အားပို၍ပို၍ကျော်ကြား နာမည်ကြီးစေပြန်ပါသည်။ တခါတွင်သူသည်ကလေးမဖွားနိုင်သော အမျိုးသမီးတဦးအား ဗိုက်ခွဲ၍မွေးပေးခဲ့သည်။ ဤသို့သောကုသမှုခွဲစိပ်မှုများစွာတို့သည် ဆရာကြီးအားလွန်စွာအောင်မြင်ကျော်ကြားစေခဲ့သည်။ ရပ်ဝေးရပ်နီးမှ လူနာများသည် ဆရာကြီးထံ၌၄င်း၊ဆရာကြီးအားပင့်ဖိတ်၍၄င်း၊ ကုသကြလေသည်။ ဆေးသိပ္ပံပညာ၌ဆရာကြီးဇီဝကသည် ဦးခေါင်းခွဲ၊ ဝမ်းဗိုက်နှင့်အခြားအစိတ်အပိုင်းများကို လွယ်ကူအောင်မြင်စွာခွဲစိတ်ခဲ့ကြောင်း မှတ်တမ်းများဖြစ်လေသည်။




## ဝမ်းဗိုက်ခွဲစိပ်ကုသခြင်း

ထိုအချိန်က ဗာရဏသီမြို့တွင် သူဌေးကြီးတဦးရှိလေသည်။ တခါသော် သူ၏တဦးတည်းသောသားငယ်လေး၌ ရောဂါတခုဖြစ်ခဲ့လေသည်။ ဖြစ်ရပ်မှန်မှာ ကလေးသည် ငယ်စဉ်ဘဝဆော့ကစားယင်း အခန့်မသင့်အူလမ်းကြောင်းခေါက်လိမ်သွားခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍သူငယ်သည် အစားအစာကောင်းစွာမစားနိုင်တော့ချေ။ အစားမမှန်သည့်အတွက် ဝမ်းလည်းသိပ်မသွားနိုင်ဖြစ်လာရသည်။ အစာမာများမစားနိုင်သဖြင့် အရည်ဖြင့်သာ တင်းတိမ်ရ၏။သူ့ဘဝသည် ဤသို့မသေချာသော မျှော်လင့်ချက်ကိုပိုက်ခါ မသန်မစွမ်းဘဝဖြင့်ကြီးပြင်းလာခဲ့လေသည်။အနီးအဝေးမှ သမားတော်ဆိုသူများလာကြပါသည်။ စစ်ဆေးကြပါသည်။ပြီးနောက် ဆေးကုခယူ၍ပြန်သွားကြသည်။ သူငယ်၏ရောဂါမှာမူပျောက်ကင်းသက်သာခြင်းမရှိခဲ့ချေ။ သူဌေးကြီးမှာ သားငယ်အတွက် ငွေပုံကုသော်လည်း ငွေသာကုန်၊ လူသာနွမ်း၍ ဘာမှအရာမတွင်ခဲ့။ သူငယ်၏ရောဂါမှာ သာမာန်သမားတော်တို့၏ အဆင့်ဖြင့်မရတော့ပဲ အထူးကုသမားတော်တို့သာ တတ်နိုင်ပါတော့မည်။

နောက်ဆုံးမတတ်သာ လက်လျှော့ရမည့်အခြေအတွင် သူဌေးကြီးသည် ဆရာကြီးဇီဝက၏ကျော်ကြားလှသော အမည်ကိုအမှတ်ပြုမိ၏။ ထို့ကြောင့် သူသည် ရာဇဂရိဟသို့ သွားရောက်ပြီး သူ၏သားငယ်အား ကယ်တင်ပါရန် ဘုရင်မင်းမြတ်သို့အသနားခံလေသည်။"အရှင်မင်းကြီး၊–ကျွန်တော်မျိုး၏ သားငယ်သည် ဆရာကြီးဇီဝကမှတပါး ကယ်နိုင်သူ အခြားမရှိတော့ပါ၊" ဟု လျှောက်တင်လေသည်။ ဤသို့ဖြင့်ဆရာကြီးဇီဝကသည် ဗာရာဏသီသို့သွားရောက်ပြီး သူငယ်၏ရောဂါကိုစစ်ဆေးကြည့်ရှုလေသည်။ အလုံးစုံစစ်ဆေးပြီးနောက်ဆရာကြီးဇီဝကသည် သူငယ်အား ဤသို့ မေးခွန်းထုတ်လိုက်သည်။ "သူဟာ ဒီရောဂါကို ဘယ်အချိန်ကစဖြစ်သလဲ၊ကစားပြီး နောက်ဖြစ်သလား၊ သို့မဟုတ် ကိုယ်လက်လှုပ်ရှားပြီးနောက်ဖြစ်သလား၊ သူဟာ ဗိုက်ထဲ အူထဲမှာ တစုံတရာဖြစ်နေတယ်၊ အောင့်နေတယ်ဟု ခံစားနေမိပါသလား"ဟူ၍ မေးခွန်းထုတ်လိုက်ပါသည်။

သူငယ်လည်း ဆရာကြီးပြောသည်အတိုင်း ဟုတ်မှန် ကြောင်းဝန်ခံလိုက်သည်။ ထို့နောက်ဆရာကြီးသည် လူအားလုံး အခန်းတွင်းမှ ထွက်ပေးရန် အမိန့်ရှိလိုက်သည်။

Generated by CamScanner from intsig.com



ဆရာကြီးဇီဝက သူငယ်၏ဝမ်းဗိုက်ကို ခွဲစိပ်ကုသစဉ်၊

သူငယ်တဦးတည်းကျန်သောအခါ ဇီဝကသည် တံခါးကိုပိတ်လိုက်ပြီး သူငယ်၏ မျက်နှာကိုအဝတ်ဖြင့် စည်းလိုက်သည်။ ပြီးနောက်အခန်းတိုင်တခုတွင်ကပ်၍ ခြေလက်ကိုယ်တို့ကို ကြိုးဖြင့်ချည်တုပ်လိုက်သည်။ ထိုသို့ပြင်ဆင်ပြီးနောက် ထက်လှစွာသောခွဲစိပ်ဓါးဖြင့်ဝမ်းဗိုက်ကို ခွဲလိုက်လေသည်။ ဆရာကြီးသည် သူငယ်၏အူခွေများကိုထုတ်လိုက်ပြီး လိမ် ခေါက်နေသောလမ်းကြောင်းများကို စံနစ်တကျတည့်မတ်ကာ အူခွေကိုပြန်သွင်းလိုက်သည်။

အလုံးစုံစစ်ဆေးပြီးနောက် ဝမ်းဗိုက်ကိုပြန်ချုပ်၍ လိမ်းဆေးလိမ်းပေးပြီး ပတ်တီး စည်းပေးလိုက်လေသည်။ မည်မျှထူးဆန်း၍အံ့သြစရာ ကောင်းလိုက်ပါသနည်း။ သူငယ်သည်ခွဲစိပ်ပြီးသုံးရက်အတွင်း သာမာန်လူတို့နှင့်အတူလှုပ်ရှား သွားလာ စားသောက်နိုင်လေတော့သည်။

သူငယ်၏ဖခင်သူဌေးကြီးသည် ကျေးဇူးတင်လွန်းသဖြင့် ဆရာကြီးအား ရွှေဒင်္ဂါး တသောင်းခြောက်ထောင်၊ မြင်း ကောင်းများ၊ မြင်း ရထားများ၊ နို့စားနွားများ နှင့် များစွာ သောအစေခံတို့ကို ပေးအပ်ပူဇော်ခဲ့လေသည်။



## ဘုရင်ကြီးချန်ပရာဒယုတ္တ (Chand Pradyota) အားကုသခြင်း

ဥဇ္ဇနီ(Ujjaini)ပြည့်ရှင်ဘုရင်မင်းမြတ်ချန်ပရာဒယုတ္တတွင် အသဲရောင်အသားဝါ ရောဂါခံစားနေရသည်။ သူ၏လျှာ၊မျက်လုံးများနှင့်ကိုယ်ခန္ဓာသည် ဆနွင်း သုတ်လိမ်းထားသကဲ့သို့ဝါဝင်းနေလေတော့သည်။ ဆီးဝါပြီး ဝမ်းစမြင်း အရောင် မှာ ဖြူနေသည်။ သူ၏ရေဆာမှုမှာဘယ်အခါမှပြေသည်မရှိပါ။ သူအန်သောအခါ များတွင် အသက်ပါ ပါသွားမည်လားဟု ထင်ရလောက်အောင် အခံရခက်၏။ အစာမစားချင်။ မစားသောက်နိုင်သည့်အတွက် အလွန်မှအားနည်းလာသည်။ ရောဂါဒဏ်ပိမှုကို ခံစားရပြီး ဘုရင်ကြီးမှာ ချိနဲ့ပိန်ချုံးနေလေသည်။

ဘုရင်ကြီးသည် သမားတော်ကြီးဇီဝက၏အတုမဲ့သတင်းကို ကြားသိရသော အခါ သူသည် သမားတော်ကြီးဇီဝကအား ဆေးကုပေးပါမည့်အကြောင်း တောင်းပန်ခိုင်းလိုက်လေသည်။ ဗိမ္ဗိသာရမင်းကြီးလည်း ဆရာကြီးဇီဝကကို အကြောင်းကြား ပြောပြလိုက်သည်။ ဆရာကြီးသည် မင်းကြီး၏အမိန့်ကို ယဉ်ကျေးစွာပင် ငြင်းဆိုလိုက်ပါသည်။

ဗိမ္ဗိသာရမင်းကြီးသည် ထပ်ခါထပ်ခါ တောင်းဆိုကြည့်ပါသည်။ သို့သော် ဆရာကြီးကမူ ငြင်းမြဲငြင်းဆိုလျှက်ရှိသည်။ အကယ်စင်စစ် ဆရာကြီးသည် ဥဇ္ဇနီ ဘုရင်၏ရောဂါကိုကုသနိုင်ပါသည်။ ပြဿနာမှာ ဤဆေးကို ထောပတ်ဆီ (Ghee) ဖြင့်ဖော်စပ်ရမည်ဖြစ်၏။ ဥဇ္ဇနီဘုရင်သည် ထောပတ်ဆီကို မသုံးစွဲ သည့်အပြင်အလွန်မုန်းသူဖြစ်၏။ အခြားတဖက် တွင်လည်း ထိုဘုရင်ကြီးသည် အလွန်စိတ်တိုစိတ်မြန်တတ်သူဖြစ်သည်။ သူသည်ထောပတ်ဆီကို မည်သည့် ပုံစံဖြင့်ဖြစ်စေ၊ အစားအစာမှ ပဲသရေစာတွင်ပါသည်ကိုပင် တားမြစ်ထားသူ ဖြစ်သည်။ နိုင်ငံနယ်ရာတွင်လည်း ထောပတ်ဆီမသုံးရဟု အမိန့်ချထားသည်။ နောက်ဆုံးကုန်ကုန်ပြောရလျှင် မီးထွန်းသည်ကိုပင် ထောပတ်ဆီကို မသုံးရဟု အမိန့်ချထားသည်။ သုံးစွဲသူအားလည်း သေဒဏ်အပြစ်ပေးမည်ဟု ကြေငြာ ထားသူဖြစ်သည်။ ဤသို့သောအကြောင်းများကြောင့် ဆရာကြီးသည် ဥဇ္ဇနီ ဘုရင်အား ဆေးကုပေးရန် ငြင်းပယ် နေခြင်းဖြစ်သည်။


ဤသို့ဖြစ်နေစဉ်အတွင်း ဥဇ္ဇနီဘုရင်သည် ဗိမ္ဗိသာရမင်းကြီးအား လက်ဆောင် ပဏ္ဏာများနှင့် သံတမာန်များအကြိမ် ကြိမ်စေလွှတ်၍ တောင်းဆိုနေလေသည်။ ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးအား လေးစားသောအားဖြင့် နောက်ဆုံးတွင် ဇီဝကသည် ကုသပေးရန် လက်ခံသဘောတူလိုက်သည်။ ဥဇ္ဇနီပြည်သို့ရောက်

Generated by CamScanner from intsig.com

ရောက်ချင်း ဆရာကြီးဇီဝကသည် ဘုရင်ကြီးအား စတင်ကုသပေးလေသည်။ သို့သော်ဆရာကြီး ဇီဝကသည် သူ့ဆေးနည်းနှင့်ဆေးအကြောင်းကို တခွန်းမျှ ပြောမပြပေ။ အကယ်၍ပြောပြလိုက်လျှင် ဘုရင်ကြီးသည် ဆေးကိုသောက်လိမ့်မည်မဟုတ်ကြောင်း သူသိသည်။ ထိုမျှမက ဘုရင်ကြီးလွန်စွာစိတ်ဆိုးသွားလိမ့်မည်ဖြစ်ကြောင်း၊ဆေးစတင်မကုခင်ပင် ဘုရင်ကြီးက "သမားတော်ကြီး–သင်သည် ငါ့အတွက်သင့်မြတ်သော မည်သည့်ဆေးကိုမဆိုပေးနိုင်ပါသည်။ သို့သော် မည်သို့သောအကြောင်းပုံစံနှင့်မျှ ထောပတ်ဆီမပါပါစေနှင့် သတိပေးပါရစေ။ ငါသည်ထောပတ်ဆီကို အလွန်မုန်းပါသည်"ဟု ပြောထားခဲ့ဘူးလေသည်။ ဆရာကြီးဇီဝကသည်လည်း အလွန်ပါးနပ်လိမ္မာသော ပုဂ္ဂိုလ်ဖြစ်သည်မဟုတ်ပါလား။ ဘုရင်ကြီးအတွက်ဖော်စပ်ရ မည့်ဆေးမှာ ထောပတ်ဆီမပါ၍မဖြစ်ပေ။ အခြားနည်းလည်းမရှိပါ။ ထို့ကြောင့်ဆရာကြီးသည် လိမ္မာပါးနပ်စွာဖြင့် ဆေးကိုစပ်ရပါသည်။ ဆရာကြီးသည် ထောပတ်ဆီ၏အနံ့၊အရသာ၊ အရောင်နှင့်ဆီခဲပုံစံပျောက်သွားအောင် ဆေးအချို့နှင့်ရောလိုက်ပါသည်။ ဆေးသောက်ခါစတွင် ဘုရင်ကြီးသည် ဆေးထဲ၌ထောပတ်ဆီပါဝင်ကြောင်း လုံးဝသိနိုင်လိမ့်မည်မဟုတ်ပေ။ သို့သော်ဤဆေးသောက်ပြီး မကြာခင်ပြန်အန်ပေလိမ့်မည်။ ထိုအခါတွင် ထောပတ်ဆီပါဝင်ကြောင်း ကျိမ်းသေဘုရင်ကြီးသိသွားပေလိမ့်မည်။ ဘုရင်ကြီး၏ ဒေါသကိုမည်သို့မျှထိန်းနိုင်လိမ့်မည်မဟုတ်ကြောင်း ဆရာကြီး ကောင်းစွာသဘောပေါက်ပါသည်။ ထို့ကြောင့်ဤဘုရင်ကြီး၏အမည်သည် ချန်ပရာဒယုတ္တ ဟုတွင်ခြင်းဖြစ်သည်။ ဆရာကြီးသည်ကောင်းစွာစီစဉ်ပြီး သတ္တိကိုမွေး၍ ဘုရင်ကြီးအား ဤသို့လျှောက်တင်လိုက်သည်။ "အရှင်မင်းကြီး–ကျွန်တော်မျိုးသည် အရှင်မင်းကြီးအားကျိမ်းသေကုသပေးနိုင်ပါသည်။ သို့သော် ဘယ်လိုမျိုးဖြင့် ဆေးကိုဖော်စပ်ထားသည်ဆိုသည်ကိုမူ ကျွန်တော်မျိုးဘယ်တော့မှ ပြောမည်မဟုတ်ပါ။ အကယ်၍ ထောပတ်ဆီပါသည်ဟု အရှင်မင်းကြီးခံစားမိပါက လွတ်လပ်စွာငြင်းပယ်နိုင်ပါသည်။ယခုဆေးကိုသောက်ပြီးသည်နှင့် နောက်ဆေးတခုကို ထပ်သောက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့်ဘယဆေးပင် လတ်လတ်ဆတ်ဆတ်ရရှိနိုင်ရန် ကျွန်တော်မျိုးသည်တောသို့တဖန်သွား၍ အမြန်ပြန်လာရပါလိမ့်မည်။ ဤအတွက်ကျွန်တော်မျိုးသည် အလွန်လျှင် မြန်သောယာဉ်တစင်းလိုအပ်ပါသည်။ ဤအချက်များကို အရှင်မင်းကြီးက သဘောတူခွင့်ပြုပါလျှင်ကျွန်တော်မျိုး သည်ယခုပင်စတင်၍ ဆေးတိုက်ပါတော့မည်" ဟု ဉပွါယ်ဖြင့် လျှောက်တင်လိုက်လေသည်။ အသက်နှင့်ရင်း၍ ခံစားနေရသော



ဝေဒနာကြောင့် ဘုရင်ကြီးသည်မည်သို့မျှစဉ်းစားနေရန်အချိန်မရဘဲ ဆရာဇီဝက၏လျှောက်ထားချက်ကို သဘောတူခွင့်ပြု၍ "သမားတော်ကြီး– သင့်စိတ်ကြိုက်စတင်ကုသပေးပါ။ ငါ့၌ ယာဉ်မြန်လေးမျိုးရှိပါသည်။ ထမ်းစင်မြန်တစု၊ ဘဒ္ဒရဝတ္တိကအမည်ရှိဆင်မြန်တစင်း၊ လားမြန်တစင်းနှင့် မြင်းမြန်တစင်းတို့ဖြစ်ပါသည်။သင့်ခရီးအတွက် သင်သည်ကြိုက်ရာကိုယူနိုင်ပါသည်" ဟု အမိန့်ချပေးလိုက်သည်။ ဆေးဖော်စပ်ပြီးစီးသည့်အခါ ဆရာကြီးဇီဝကသည် ဘုရင်မင်းမြတ်ထံခစား၍"အရှင်မင်းကြီး–ကျွန်တော်မျိုးသည် အရှင့်အတွက်ဆေးဖော်စပ်ပြီးပါပြီ။ ဆေးကိုပါးစပ်တွင်းထည့်၍ ရေဖြင့်တကျိုက်တည်း သောက်မြိုချလိုက်ပါ။အကယ်၍အချိန်ကြာသွားလျှင် ဆေး၏အာနိသင်ပျက်ပြယ်သွားပါလိမ့်မည်။ အနံ့၊အရသာတို့ကို ခံစားစစ်ဆေးမနေပါနှင့်၊ တခါတည်း သောက်ချလိုက်ပါ" ဟုလျှောက်ထား၍ဆေးကိုပေးလိုက်လေသည်။ ဘုရင်ကြီးသည် နှာခေါင်းပိတ်၍ ဆေးကိုပါးစပ်ထဲထည့်ပြီးရေဖြင့် တကျိုက်တည်းသောက်ချလိုက်ပါသည်။ တပြိုင်နက်တည်းပင် ဆရာကြီးဇီဝကသည် ဘုရင်ကြီး မရိပ်မိနိုင်ခင် ဘဒ္ဒရဝတ္တိကဆင်မကိုစီး၍ ကိုသမ်ဘီ (Kosambi) အရပ်ဘက်သို့ထွက်ပြေးလေတော့သည်။



ဆင်မြန်ကိုစီး၍ဆရာဇီဝကထွက်ပြေးနေစဉ်၊

ဆေးသောက်ပြီးခဏကြာသော် ဘုရင်ကြီးသည်ဆေးထဲ၌ ထောပတ်ဆီပါဝင်ကြောင်းရိပ်မိသွားလေသည်။ ထောပတ်ဆီ နှင့်ပတ်သက်လျှင် အလွန်မုန်းသော ဘုရင်ကြီးသည် ထုံးစံအတိုင်း ဒေါသအလွန်ထွက်သွားပြီး သူ၏တပ်မှူးအား ခေါ်၍ "ငမိုက်သားဆေးဆရာဇီဝက–သူသည်ငါကိုယ်တော်အား ဆေးထဲတွင် ထောပတ်ဆီထည့်၍လိမ်ညာတိုက်ခဲ့သည်။ သင်တို့တပ်ချီ၍ သူ့ကိုပြန်ခေါ်ခဲ့၊ ငါသည်သူ့ကိုသင်္ခဏ်းစာ ကောင်းကောင်းပေးလိုက်မည်"ဟု ဒေါသထွက်ကြိမ်းဝါးပြီး အမိန့်ပေးလိုက်လေသည်။ ထိုအချိန်တွင် ဆရာကြီးဇီဝကသည် ဆင်မြန်ကိုစီး၍ထွက်ပြေးနေပြီဖြစ်၏။ သူသည်မြို့နှင့်ဝေးရန် အလွန်အရေးကြီးနေပါသည်။

တခါးမှူးလည်း ဇီဝကသည်ဆင်ဖြင့် မြို့ပြင်ထွက်သွားပြီဖြစ်ကြောင်း လျှောက်ထားသံတော်ဦးတင်လေသော် မင်းကြီးသည် ကာကဒတ္တ(Kaka Dasa) ကို ဆင့်ခေါ်လိုက်၏။ ကာကသည် တမဟုတ်ချင်းယူဇနာခြောက်ဆယ်ခရီးကို သွားနိုင်စွမ်းရှိသူဖြစ်သည်။ထိုအချိန်တွင် ကာကဒတ္တသည်ဝမ်းနာနေသဖြင့် ချက်ချင်း အခစားမဝင်နိုင်ဘဲဖြစ်နေလေသည်။ ဝမ်းနာသက်သာသွားသောအခါမှ သူသည် ဘုရင်ကြီးထံ အခစားဝင်ရောက်လိုထ်သာည်။ ဘုရင်ကြီးသည် ကာကဒတ္တ အား "အကြီးတော်ကာက သင်၏အစွမ်းကိုထုတ်၍ ဇီဝက အား ယခုချက်ချင်း ငါကိုယ်တော်၏ရှေ့မှောက်သို့ ဖမ်းဆီးယူ ဆောင်လာခဲ့ပါ။ ငါသည် သူ့အားအလိုရှိသည်ဟုပြောပါလေ။ သို့သော်တခုသတိထားပါ။ သမားတော်များသည် အလွန် ဉာဏ်များလှည့်စားတတ်သည်။ ထို့ကြောင့် သူကျွေးသမျှ ဘာမှမစားပါနှင့်" အမိန့်ပေးမှာကြားလိုက်လေသည်။ ကာကလည်း မြို့တံခါး သို့သွား၍ဆရာဇီဝက မည်သည့်ဘက်သို့ထွက်သွားကြောင်း မေးမြန်းစုံစမ်းလိုက်လေသည်။ တံခါးစောင့်တို့သည် ဆရာကြီးဇီဝက ဆင်မြန်ဖြင့် ကိုသမ်ဘီ အရပ်ဘက်သို့ ထွက်သွားကြောင်း သတင်းပေးကြသည်။ ထိုသတင်းကိုရလျှင် ကာကသည် ကိုသမ်ဘီအရပ်သို့လျှင်မြန်စွာပြေးထွက်သွားပြီး ဆရာကြီး နောက်လိုက်လေသည်။မကြာမီမှာပင် ကိုသမ်ဘီအရပ်အနီး၌ ခေတ္တအနားယူ နေသောဆရာကြီးဇီဝကထံရောက်သွားလေသည်။ ကာကသည် ဆရာကြီး အား ဘုရင်မင်းမြတ်၏အမိန့်တော်ကိုပြောပြ၍ လိုက်ခဲ့ရန်ခေါ်လိုက်သည်။ ဆရာကြီးဇီဝကသည် "ခဏစောင့်ပါအုံးကာက၊ ကျွန်ုပ်ဝမ်းဗိုက် မပြည့်ခင်မှာ ဘာမှမပြောပါနှင့်ဦး၊ သင်လည်းကျွန်ုပ်နှင့်အတူလာရောက် သုံးဆောင်ပါ" ဟုပြောပြီး ဇီးဖြူသီးတချို့နှင့်ရေကိုထုတ်လိုက်သည်။



ကာကသည် ဆရာကြီးအား "ဆရာကြီး ကျွန်ုပ် ဘာမှမစားပါ။ သမားတော်များသည် အလွန်ဉာဏ်များပြီး ကောက်ကျစ်တတ်သည်။ ထို့ကြောင့်သူတို့ ကျွေးသောအစာကို မစားနှင့်ဟု မင်းကြီးက ကျွန်ုပ်အားမှာကြားလိုက်သည်" ဟုပြောပြလေသည်။ ဆရာကြီးသည်ဘာမှ ပြန်မပြောဘဲ စားလိုက်ရေသောက် လိုက် လုပ်နေလေသည်။ ဆရာကြီးသည် ကာကမမြင်မှီ ဆေးအနည်းငယ်ကို သူ၏လက်သဲခွံထဲ၌ထည့်ယူလိုက်သည်။ ပြီးနောက် "ကာက၊ ဆီးဖြူသီးနှင့် ရေကိုစားသောက်ပါ။ အမောပြေပါသည်"ဟု ဖိတ်ခေါ်လိုက်၏။ ကာကလည်း သူ့မျက်စိရှေ့တွင်ပင်စားနေပြီး ဆရာကြီးကိုယ်တိုင် ဘာမှမဖြစ်သည်ကို မြင်သော်အနည်းငယ်စိတ်ချသွားသည်။ သို့နှင့်ဆရာကြီးပေးသော ဇီးဖြူသီး နှင့်ရေကိုယူပြီးစားသောက်လိုက်သည်။ သို့သော် သံသယမှု ရှိနေသေးသည်။



ဇီဝကသည် ကာကအား ဆီးဖြူသီးနှင့်ရေကို အမောပြေစားရန် ဖိတ်ခေါ်နေစဉ်၊

ထိုအချိန်ကလေးမှာပင် ဆရာကြီးသည် ဆေးခပ်ထည့်လိုက်လေသည်။ စားပြီး ခဏကြာသော် ကာက လည်းအန်လေတော့သည်။သူသည် အလွန်ထိတ်လန့် တုန်လှုပ်သွားပြီး "သမားတော်ကြီး–ကျွန်ုပ်အား ချမ်းသာ ပေးပါ။ ကျွန်ုပ်သည် အသက်ရှည်ရှည်နေချင်ပါသေးသည်" ဟုတောင်းပန် အသနားခံရလေသည်။ ဆရာကြီးသည် ကာကအားစိုက်ကြည့်လိုက်ပြီး "သိပ်မစိုး ရိမ်ပါနှင့်ကာက၊ မကြာခင်သင်သက်သာသွားပါလိမ့်မည်။ ထို့အတူ သင်၏အရှင်သည်လည်း

ရောဂါပျောက်ကင်းသွား ပါလိမ့်မည်။ သင်၏အရှင်သည် အလွန်ဒေါသကြီး၏။ ငါသည်သူအား ဆေးထဲတွင် ထောပတ်ဆီဖြင့်စပ်၍ကုသခဲ့သည်။ ထိုအပြစ်ကြောင့်ငါ့အားသေဒဏ်ပင်ပေးပေလိမ့်မည်။ ငါသည် သူ့ရောဂါပျောက်ကင်းရေးအတွက် စေတနာဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကာက– အဘယ်ကြောင့်ငါ ဤသို့ပြုရသည်ကို နားလည်ပါလော့။ ငါသည်သူ၏အာဏာစက်ကွင်းမှလွတ်ကင်းအောင်ပြေးခဲ့ရသည်။ ယခုတဖန်လည်းပြေးရပြန်ပါသည်။ မည်သည့် အခြေအနေအကြောင်းကြောင့်မျှ ငါသည်သူ့ထံသို့ပြန်၍မဖြစ်နိုင်ပါ။ သင့်တိုင်းပြည်သို့လည်း ငါသည်ဘယ်သောအခါမျှ လာတော့မည်မဟုတ်တော့ပါ" ထို့နောက် ဆင်မြန်ကို ကာကထံပြန်အပ်ခါ "သွားပြီ ကာက–သင်နှင့်တကွ သင်၏အရှင်ကို ကျွန်ုပ်ကမေတ္တာပို့ နုတ်ဆက်လိုက်ပါကြောင်း ပြောပေးပါ" ဟုနှုတ်ဆက်ခါ ကိုသမ်ဘီအရပ်သို့ ရှေ့ရှုထွက်ခွါသွားလေတော့သည်။

မိမိနေအိမ်သို့ပြန်ရောက်ပြီးနောက် ခေတ္တခဏအနားယူခါ ဆရာကြီးသည် ဗိမ္ဗိသာရဘုရင်မင်းမြတ်ထံ အခစားဝင် ရောက်၍ ဖြစ်သမျှအလုံးစုံကို ပြန်လည် လျှောက်ထားလိုက် သည်။ ဘုရင်မင်းမြတ်လည်း "ဇီဝက–ငါကိုယ်တော်သည်လည်း သူ၏စိတ်တိုစိတ်မြန်သည့် အကြောင်းကိုကြားသိထားပါသည်။ ထို့အတူ သင်၏ကြံရည်ဖန်ရည်နှင့် လိမ္မာပါးနပ်မှုကိုလည်း ငါကိုယ်တော်မြတ် သိရှိယုံကြည်ပြီးသားဖြစ်ပါသည်။ ယခုငါကိုယ်တော်ထင်သည့်အတိုင်းအားလုံး ဖြစ်လာသည်မဟုတ်လော။ သင်၏ဆောင်ရွက်ချက်နှင့် ပါတ်သက်၍ အခြားပြောစရာမရှိပါ။ သင်သည်အမှန်အတိုင်း ဆုံးဖြတ်လုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်၊" ဟု ပြေသိမ့် မိန့်ကြားလိုက်လေသည်။

ထိုအချိန်တွင် ဥဇ္ဇေနီပြည်ဘုရင်ကြီး၏ အသဲရောင် အသားဝါရောဂါသည် လုံးဝပျောက်ကင်းသွားပြီးဖြစ်၏။ ဆေးတခွက်မျှဖြင့် ပျောက်ကင်းသွားသောကြောင့် ဘုရင်ကြီးသည် သမားတော်ဇီဝကအား ဆုလာဘ်များပေးသနားလိုသည်။ သို့သော်ဆရာကြီးသည် ဘုရင်ကြီး၏ဖိတ်ကြားချက်ကို ငြင်းပယ်ခဲ့လေသည်။ နောက်ဆုံးတွင် ဘုရင်ကြီးသည် ဗိမ္ဗိသာရမင်းကြီးချဉ်းကပ်အကြောင်းကြား၍ ဇီဝကအား သူ့ထံစေလွှတ်ပေးပါရန်တောင်းပန်လိုက်သည်။ ထို့ပြင် ဆရာကြီး ဇီဝကစိတ်ထဲ၌ဖြစ်ပေါ်နေသော မယုံသင်္ကာစိတ်ကိုလည်း ဖြေပျောက်ရန်နှင့် ဥဇ္ဇေနီပြည်၌ သူကိုယ်တိုင် ဆရာကြီးဇီဝကအား ဆုလာဘ်များပေးသနားလိုကြောင်းကို ဖျောင်းဖျပြောဆိုပေးပါရန် ဗိမ္ဗိသာရမင်းကြီးအား အကြောင်းသဝဏ်လွှာပါးလိုက်လေသည်။



ဗိမ္ဗိသာရမင်းကြီးလည်း ဥဇ္ဇေနီဘုရင်၏အကြောင်းကြားမှုသည် ခိုင်မာလုံလောက်သည်ဟု ယုံကြည်သဖြင့် ဆရာကြီးဇီဝကအား သွားယူရန် တိုက်တွန်းပြောဆိုလိုက်သည်။ သို့သော် ဆရာကြီးသည် ငြင်းမြဲငြင်းလျက် "အရှင်မင်းကြီး–ကျွန်တော်မျိုးသည် အရှင်မင်းကြီးအားလွန်စွာ လေးစားကြည်ညိုပါသည်။ ယခုအခါတွင် ဥဇ္ဇေနီဘုရင်၏ရောဂါသည် လုံးဝပျောက်ကင်းသွားပြီဖြစ်ပါသည်။ဆုလာဘ်ယူရန်ကိစ္စတခုဖြင့် ကျွန်တော်မျိုးသည် လချီ၍ခရီးထွက်ရပေဦးမည်။ ဤကိစ္စသည် အရေးကြီးသောကိစ္စ၊ခရီးတခုမဟုတ်ပါ။ အယင်တခေါက်က ကျွန်တော်မျိုးသွားရသည်မှာအကြောင်းကိစ္စရှိသည် အမှန်ဖြစ်ပါသည်။ အရှင်မင်းကြီး၏အမိန့်ကိုလည်း လိုက်နာပြီးဖြစ်ပါသည်။ ယခုအခါ အချိန်ဖြုန်းယုံသွားမည့်အစား ဤရက်လအတွင်း များစွာသောဝေဒနာရှင်များကို ကျွန်တော်မျိုးကုသပေးနိုင်မည်ဖြစ်ပါသည်။ ဤသည်မှာဆုလာဘ်ယူခြင်းထက် တန်ဘိုးမြင့်မြတ်ပါသည်။ ထို့ကြောင့်ကျွန်တော်မျိုး အသနားခံလိုသည်မှာ အရှင်သည် ကျွန်တော်မျိုးအား အတင်းအကျပ်မတောင်းဆိုပါနှင့်တော့။ အရှင်သည် ကျွန်တော်မျိုးအတွက် ဆောင်ရွက်ပေးလိုပါလျှင် ဥဇ္ဇေနီပြည့်ရှင်အား၊ သမားတော်ဇီဝကသည် သင့်အတွက်အဘယ်အမှုကိုပြုပေးခဲ့သည်ကို မမေ့ပါနှင့်၊ သတိရပါဆိုသည်ကို အမှာစကားပါးပေးပါ၊"ဟုတောင်းပန် လျှောက်ထားလိုက်လေသည်။ ဗိမ္ဗိသာရမင်းကြီးလည်း ဆရာကြီးဇီဝကဆိုသည့်အတိုင်း ဘုရင်ပရဒယုတ္တအား အဝန္တိ (Avanti) ပြည်၏ သံတမာန်ကြီး မှတဆင့် "သမားတော်ကြီးဇီဝကသည် အကြည်တော်ဘုရင်မင်းမြတ်အတွက် မည်သည့်အမှုကို ဆောင်ရွက်ပေးခဲ့ကြောင်းမမေ့ပါနှင့်၊"ဟူသော သတိပေးစကားကိုပြောကြား၍ ပြန်လည်စေလွှတ်လိုက်လေသည်။ ဤသတိပေးစကားကိုကြားရသောအခါ ဘုရင်ကြီးပရဒယုတ္တသည် အလွန်ဝမ်းနည်းသွားပြီး သူ၏ရိုင်းပြသောအမူအကျင့်အပေါ်နောင်တရမိလေသည်။ အထူးသဖြင့် သူ၏အသက်သခင် ကျေးဇူးရှင်ဖြစ်သောဇီဝကအပေါ် ဒေါသအလျှောက် ပြုမူမိသည့်အမှားကို ရှက်နောင်တကြီးစွာရနေလေတော့သည်။နောက်ဆုံးတွင် ဘုရင်ကြီးသည်သူ၏အသက်ကယ်တင်ရှင်သမားတော်ကြီးဇီဝကအား ကျေးဇူးဆပ်သောအားဖြင့် အလွန်အဘိုးထိုက်တန်လှသည့် ခြုံထည်ကမ္ဗလာကို လက်ဆောင်အဖြစ်ပေးပို့လိုက်ပါသည်။ ဆရာကြီးဇီဝကလည်း ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်စွာဖြင့် လက်ခံခဲ့လေသည်။ကမ္ဗလာကိုကြည့်ပြီး ဆရာကြီးသည် ဤသို့စဉ်းစားမိ၏။ ဤခြုံထည်ကမ္ဗလာသည် အလွန်ကောင်းမွန်ပြီးတန်ဘိုးကြီးလှ၏။ ငါခြုံသည်ထက်

Generated by CamScanner from intsig.com

ဗိမ္ဗိသာရမင်း သို့မဟုတ် မြတ်စွာဘုရားသခင်တို့နှင့်ဆိုလျှင် အလွန်တင့်တယ်ပေမည်။ မြတ်စွာဘုရား သခင်သည်အတင့်တယ်ဆုံးဖြစ်ပေမည်။ သို့သော်ဘုရားသခင်သည် စွန့်ပြစ်ထားသော အမှိုက်ပုံ၊သုသာန်တို့မှရရှိ သော ပိတ်စတို့ကိုစပ်၍သီထားသော ပံ့သကူသင်္ကန်းကိုသာလျှင်ဝတ်ရုံ၏။ အဝတ်သစ်ကိုလှူဒန်းပါကလက်ခံလိမ့်မည်မဟုတ်။ ဇီဝကသည်လှူဒန်းခွင့်ရမည့်အချိန်ကိုစောင့်နေလိုက်ပါသည်။

## ဘုရားရှင်အား ကမ္ဗလာလှူဒန်းခြင်း

ဝမ်းမြောက်ဖွယ်မဟုတ်သော်လည်း တခါသော်အခွင့်အရေးတခုသည် ပေါ်ပေါက်လာခဲ့ပါသည်။မြတ်စွာဘုရားသခင်သည် ဝမ်းနာရောဂါဖြစ်ခဲ့သည်။ ဝမ်းသွားသော် ခက်ခဲနာကျင်၏။ တရားထိုင်ပြီး ခြောက်လခန့်ကြာလျှင် တခါဖြစ်တတ်သည်။ ထို့ကြောင့်ရှင်အာနန္ဒာအား စေလွှတ်၍ဆရာဇီဝကအား ပင့်ဖိတ်ခိုင်းလိုက်လေသည်။ ဇီဝကလည်းအလျှင်အမြန်လာရောက်၍ ဘုရားသခင်၏ ရောဂါကိုအလုံးစုံစစ်ဆေးကြည့်ရှုလေသည်။ ဗုဒ္ဓသည် ဇီဝကအားဆေးလှူဒန်းရန်အမိန့်ရှိ လိုက်သည်။ သို့သော်ဇီဝကသည် ဤသို့စဉ်းစားမိ၏။ ဗုဒ္ဓသည်သာမာန်လူသားမဟုတ်၊ ထို့ကြောင့် သာမန်ဆေးဝါးတို့ကိုပေး၍မဖြစ်။ ထိုအတွေးဖြင့် သူသည်ကြာမျိုးသုံးပါး၏အမြစ်ဖြင့် ဆေးကိုဖေါ်စပ်လိုက်သည်။ ထို့နောက်အရှင်အာနန္ဒာအား သူဆေးမပေးမီ ဗုဒ္ဓ၏တကိုယ်လုံးအားဆီဖြင့်လူးထားရန်လျှောက်ထားလိုက်သည်။ ရှင်အာနန္ဒာလည်း ဆရာကြီး မှာကြားသည့်အတိုင်း ရက်အနည်းငယ်ခန့် ဗုဒ္ဓအားဆီဖြင့် နှိပ်နယ်ပေးပြီးနောက် အထူးကုပေးမည့် ဆရာကြီးဇီဝကအား အကြောင်းကြားလိုက်လေသည်။ ဆရာကြီးသည် ဖေါ်စပ် ထားသောဆေးသုံးမျိုးကိုယူဆောင်၍ ဗုဒ္ဓထံသို့သွားခဲ့သည်။ ထို့နောက်ဗုဒ္ဓအား ဆေးအညွှန်းကို လျှောက်ထားလိုက်သည်။ "အရှင်ဘုရား၊ ပထမဆေးတဖွန်းကို ထည့်၍ရှူလိုက်ပါ။ ဝမ်းဆယ်ကြိမ်သွားပါလိမ့်မည်။ နောက်တဖန်ဒုတိယဆေး တဖွန်းကိုရှူပါ။ ဝမ်းဆယ်ကြိမ်သွားပါလိမ့်မည်။ တတိယအကြိမ်လည်း ဤအတိုင်းဖြစ်ပါသည်ဘုရား။"

ဆရာဇီဝကသည် ဆေးနှင့်ဆေးညွှန်းကိုပေးလိုက်ပြီး သော်လည်း ဘုရားရှင်၏သင်္ကန်း၊ခန္ဓာစသည်တို့သည် မသန့်ရှင်းသောကြောင့်ဝမ်းအကြိမ်သုံးဆယ်သွားရမည်ဆိုသော်လည်း နှစ်ဆယ့်ကိုးကြိမ်သာသွားလိမ့်မည်ဖြစ် ကြောင်းသိနေပါသည်။ ထို့ကြောင့်ရှင်အာနန္ဒာအား အကျိုး အကြောင်းရှင်းပြပြီး ဗုဒ္ဓအား



ဝမ်းတော်နှစ်ဆယ့်ကိုးကြိမ် သွားပြီးပါက ရေနွေးဖြင့်ရေချိုးပေးရန်လိုကြောင်း၊ သို့မှသာ နောက်တကြိမ်သွားလိမ့်မည်ဖြစ်ကြောင်း၊ ဤသို့အကြိမ် သုံးဆယ်သွားမှသာလျှင် လုံးဝပျောက်ကင်းနိုင်မည်ဖြစ် ကြောင်းတို့ကိုမှာကြားခဲ့သည်။ ထပ်ဆင့်၍ "ရှင်မြတ်အာနန္ဒာ အကယ်၍မှမသက်သာခဲ့သည်ရှိသော်ဘပည့်တော်သည် နောက်ဆေးနည်းတမျိုးဖြင့်ကုသရမည်ဖြစ်ပါသည်၊"ဟုလျှောက်ထားခဲ့သည်။ အရှင်အာနန္ဒာလည်း ဆရာကြီး မှာကြားသည့်အတိုင်း လုပ်ဆောင်ပေးခဲ့သဖြင့် ရက်အနည်း ငယ်အတွင်းတွင် ဘုရားရှင်သည်ပြန်လည်ကျန်းမာလာလေသည်။ ဆရာကြီးဇီဝကအားသာဓုခေါ်တော်မူလေသည်။

ဆရာကြီးသည် ဤအခါသည်ကား ဘုရားသခင်ကိုအကျိုးအကြောင်းပြ၍လှူဒန်းရန်အခွင့်သာပြီဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။ ထိုသို့ဆုံးဖြတ်မိသည့်အတိုင်း ဘုရားရှင်အား ရိုသေစွာရှိခိုးဝတ်ချလိုက်ပြီး "ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ တပည့်တော်သည် အရှင်ဘုရားအား အခွင့်တခုတောင်းလိုပါသည်၊ကရုဏာတော်ဖြင့်လက်ခံတော်မူပါ၊"မြတ်စွာဘုရားက "ချစ်သားဇီဝက ငါသည် ဤအကြောင်းတရားတို့မရှိပြီ" ဟူ၍ပြန်လည်ဖြေကြားလိုက်သည်။ ဇီဝကသည်လည်းခိုင်မာသောဆုံးဖြတ်ချက်ဖြင့် "အရှင်ဘုရား၊ယခုတောင်းဆိုမည့်အခွင့်သည် ကျိုးကြောင်းဆီလျော်၍သင့်တော်သည်အမှန်ဖြစ်ပါသည်" ဆို၍ဖြည့်စွက်လျှောက်ထားပြန်၏။ "ကောင်းပြီချစ်သားဇီဝက၊သင်လျှောက်တင်လေတော့" ဘုရားသခင်လည်း ခွင့်ပြုတော်မူလိုက်သည်။ ဇီဝကသည်လိမ္မာပါးနပ်စွာဖြင့် သန့်ရှင်းခြင်းနှင့်ကျန်းမာရေး အကြောင်းရှင်းပြပြီး "အရှင်ဘုရား၊တပည့်တော်သည် ဤကမ္ဗလာကို ဘုရင်ပရဒယုတ္တထံမှ လက်ဆောင်ရရှိခဲ့ပါသည်။ လက်ခံတော်မူပါ။ ထို့အတူ သံဃာတော်များအားလည်း ဒကာ၊ဒကာမတို့လှူဒန်းသောသင်္ကန်းကို အလှူခံယူပါရန်ခွင့်ပေးတော်မူပါဘုရား၊ ပံ့သကူသင်္ကန်းကိုသာ ဝတ်ဆင်လိုပါကလည်း ရုတင်ဆောင်မှုအရာဖြစ်ပါစေ၊အရှင်ဘုရား၊ဤသို့သပ္ပါယ်သန့်ရှင်းမှုကြောင့်လည်း ပို၍ကြည်ညိုသဒ္ဒါပွါးစေပါသည်၊ တပည့်တော်၏တောင်းဆိုချက်ကို ခွင့်ပြုတော်မူပါ။" ဟူ၍တောင်းပန်လျှောက်ထားလိုက်လေသည်။ ထိုအခါ မြတ်စွာဘုရားသည်ပြုံးတော်မူ၏။ ဤအပြုံးသည် သူ၏ တောင်းဆိုချက်ကိုဘုရားသခင်သည် လက်ခံတော်မူပြီဖြစ်ကြောင်း ဇီဝက ကောင်းစွာနားလည်လိုက်ပါသည်။

ထို့နောက်ဘုရားသခင်သည် သံဃာ့သဘင်ကိုခေါ်ယူ၍ ဝိနည်းသိက္ခာပြဋ္ဌာန်း

Generated by CamScanner from intsig.com

တော်မူလေသည်။ ချစ်သားရဟန်းတို့ယနေ့မှစ၍သင်တို့သည် ဒကာ၊ဒကာမတို့လှူဒါန်းသောသင်္ကန်းကိုသုံးဆောင်နိုင်သည်။ ပံ့သကူသင်္ကန်းကိုလည်းသုံးဆောင်နိုင်သည်။ ဤနှစ်မျိုးစလုံးကို ငါဘုရားခွင့်ပြုတော်မူသည်။" ဟု သိက္ခာပုဒ်၌ ပြဋ္ဌာန်းလိုက်လေသည်။



ဘုရားသခင်သည် ဇီဝကလှူဒါန်းသော ကမ္ဗလာကိုလက်ခံတော်မူလိုက်သည်။

ဤသတင်းသည် မဟုတ်ချင်း ရာဇဂရိဟ(ရာဇဂြိုလ်)တွင် ပြန့်နှံ့သွားလေတော့သည်။ လူတို့သည်အလွန်ဝမ်းမြောက်ကြကုန်၏။ "ဘုရားရှင်သည်သံဃာတော်များအား သင်္ကန်းလှူ ခွင့်ပြုလိုက်ပြီ။ ငါတို့သည် ယခုပင်သွားရောက်လှူဒါန်း၍ကုသိုလ်ယူကြကုန်အံ့။" ဟုကြွေးကြော်ကြကုန်၏။ ထိုနေ့ တနေ့တည်းမှာပင် ရာဇဂြိုလ်မြို့သားများသည် သင်္ကန်းထောင်ကျော်လှူဒါန်းကြလေသည်။

ရာဇဂြိုလ်မြို့မှတဆင့်ကျေးရွာများသည်လည်း ဤသတင်း ကိုရရှိကြလေသော် ရွာသူရွာသားများသည်လည်း သင်္ကန်းထောင်ကျော် လှူဒါန်းကြကုန်၏။

ဆရာကြီးဇီဝက မှစတင်၍ ကမ္ဗလာလှူဒါန်းခြင်းသည် ဗုဒ္ဓဘာသာသမိုင်းနှင့် ဝိနည်းတော် သိက္ခာပုဒ်၌ သံဃာတော်များသည် သင်္ကန်းအလှူကို လက်ခံခွင့်ရှိကြောင်း သမိုင်းဝင်ပြဋ္ဌာန်းချက်ဖြစ်လာခဲ့လေသည်။

ဘုရင်မင်းမြတ်ဗိမ္ဗိသာရ နတ်ရွာစံပြီးသော် သားတော် အဇာတသတ္တု (အဇာတသတ်)သည် မင်းဖြစ်လာသည်။ဇီဝကသည် အဇာတသတ်မင်း၏မိသားစု သမားတော်ကြီးဖြစ်လာလေသည်။ အယူလွဲလမ်းမှားလိုက်ခဲ့သော အဖသတ်



သား၊အဇာတသတ်မင်းအား မြတ်စွာဘုရား၏မေတ္တာရိပ်အောက်ပို့ ဆောင်ပေးခဲ့သူမှာလည်း သမားတော်ကြီးဇီဝကပင်ဖြစ်လေသည်။

တခါသော်ဗုဒ္ဓ၏ညီအကိုဝမ်းကွဲ ရှင်ဒေဝဒတ္တ(ဒေဝဒတ်)သည် ဂိဇ္ဈကုဋ် (Griddhakuta)တောင်ခြေ၌ စင်္ကြံလျှောက်နေသော ဗုဒ္ဓအားလုပ်ကြံရန် အလွန်ကြီးမားသော ကျောက်တုံးကြီးကို တောင်ထိပ်မှလိမ့်ချလိုက်သည်။ ကျောက်တုံးကြီး သည်လမ်းတလျှောက်တွင် အစိပ်စိပ်အမွှာမွှာပြိုကွဲသွားပြီး အစတခုသည် ဘုရားရှင်၏ ဘယ်ဘက်ခြေမတော်ကိုခိုက်မိပြီး သွေးစိမ်းရှင်ရှင်ထွက်လေသည်။ ဇီဝကသည် ထိုသတင်းကိုကြားရလျှင်ဘုရားရှင်ထံ အလျှင်အမြန် သွားရောက်ကြည့်ရှုပြီးလိုအပ်သည့်ဆေးဝါးများထည့်၍ ကုသပေးလေသည်။ ဆရာကြီးသည် ဘုရားရှင်၏ကျန်းမာရေးနှင့်ပါတ်သက်၍ အမြဲတန်းဂရုစိုက်၍နေတတ်လေသည်။



ဒဏ်ရာရရှိသွားသောဘုရားရှင်၏ခြေတော်ကို ဇီဝကဆေးထည့်၍ပါတ်တီးစည်းပေးနေစဉ်၊


ဆရာကြီးဇီဝကသည် မြတ်စွာဘုရား၏ သမားတော်တဦးအဖြစ်သာလျှင် မဟုတ်ဘဲ တကယ့်ကြည်ညိုသူ လက်ရင်းဒါယိကာတဦးလည်းဖြစ်သည်။ ထို့ပြင် ဘုရင်သခင်၏ သံဃာတော်များအတွက် အလွန်အားကိုးရသော သမားတော်ကြီးတဦးလည်းဖြစ်သည်။ ရာဇဂရိဟ(ရာဇဂြိုလ်)မြို့တွင် မြတ်စွာဘုရား သီတင်းသုံးနေစဉ်ကာလပတ်လုံး တနေ့လျှင်နှစ်ကြိမ် မနက်နှင့်ညနေ တရားနာသွားရောက်လေ့ရှိသည်။

Generated by CamScanner from intsig.com

ကခါသော် ဆရာကြီးဇီဝကသည် ဘုရင်ဗိမ္ဗိသာရ၏ဝေဠုဝနကျောင်းတော်သည် မိမိအိမ်နှင့်ဝေးလွန်းသည်ဟုခံစားမိသည်။ ဇီဝကတွင် အမ္ဗရဘန (Amrabana-Mangogrove)အမည်ရှိ သရက်ဥယျာဉ်ကြီးတခုရှိလေသည်။ ထိုဥယျာဉ်သည် သာယာလှပ၍ မိမိအိမ်၏အနီး၌လည်းရှိသည်။ ထို့ကြောင့် ထိုဥယျာဉ်အား ဘုရားသခင်ထံလှူဒါန်း၍ ကျောင်းတော်ဆောက်ရသည် ရှိသော်ကောင်းမည်ဟုစိတ်ကူးရသဖြင့် ဘုရားသခင်အားလက်ခံပါရန် တောင်းပန်လျှောက်ထားလိုက်သည်။ ဘုရားသခင်လည်း ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်သည်။ ဇီဝက၏ဆန္ဒသည်ပြည့်ဝသွားလေသည်။

မဟာဝဂ္ဂသုတ်တွင်၊တခါသော် ရဟန်းတပါးသည်ရောဂါ ဝေဒနာတခု ခံစားရ၏။ ထိုဝေဒနာသည် ဆေးမျိုးစုံဖြင့်ကုသသော်လည်း မပျောက်နိုင်ဖြစ်နေသည်။ ထို့ကြောင့်ရဟန်းတော်၏အခြေအနေသည် တနေ့တခြားဆိုးဝါးလာလေသည်။ နောက်ဆုံးတွင် ဇီဝကသည် ရဟန်းတော်အား စစ်ဆေးကြည့်ရှုလိုက်သည်။ အခြေအနေအရ ခွဲစိတ်ကုသရန်လိုအပ်သည်ဟု ဆုံးဖြတ်လိုက်သည်။ အလွန်အလုပ်များပြီး မနားမနေခွဲစိတ်ကုသနေရသည်ကို မြတ်စွာဘုရားသခင်သည် စောင့်ကြည့်နေခဲ့သည်။ ဘုရားသခင်သည် ထိုခွဲစိတ်မှု အားလုံးပြီးစီးပြီးနောက် ဇီဝကအားခေါ်၍ ဤသို့အကြံပြုလိုက်သည်။ "ချစ်သားဇီဝက၊ နားထောင်လော့။ သင်သည်ဤကဲ့သို့သောအတိမ်းအစောင်းမခံသည့် ခွဲစိတ်ကုသမှုမျိုးကို တတ်နိုင်သမျှရှောင်၍ ဆေးဝါးဖြင့်သာလျှင်ပျောက်ကင်း အောင် ပထမကုသကြည့်ပါ။ဤသည်မှာ အကောင်းဆုံးနည်းလမ်းဖြစ်ပါလိမ့်မည်။"

ထိုအချိန်မှစ၍ ဇီဝကသည်တတ်နိုင်သမျှ ခွဲစိတ်ကုသခြင်းကို အားမကိုးတော့ဘဲ ဆေးဝါးသက်သက်ဖြင့် ရောဂါများစွာကိုကုသပေးလေသည်။ များသောအားဖြင့် အောင်မြင်စွာပျောက်ကင်းသွားကြောင်း တွေ့ရလေသည်။







ဇီဝကခွဲစိတ်ကုသနေသည်ကို မြတ်စွာဘုရားသခင်လေ့လာကြည့်ရှုနေစဉ်၊

အတုမဲ့သမားတော်ကြီး၊ ခွဲစိတ်ကုပညာရှင်ကြီး၊ ဆရာကြီး ဇီဝကသည် သူ့ဘဝတလျှောက်လုံးကို အိမ်ထောင်ဦးစီးအဖြစ်သာနေခဲ့ရသည်။ မြတ်စွာဘုရား ထံ ရဟန်းဝတ်ခွင့်ပြုပါရန် အကြိမ်ကြိမ်ခွင့်တောင်းသော်လည်း ဘုရားသခင်သည် သူ၏ တောင်းဆိုချက်ကိုငြင်းပယ်ခဲ့သည်။ဘုရားသခင်သည် ဆရာကြီးဇီဝကအား ရဟန်းဘဝထက် ဆေးသမားတော်တဦးအဖြစ် လူသားတို့၏ အကျိုးစီးပွါးကို ဆောင်ရွက်ပေးစေလိုသည်။ ထို့ကြောင့် သူ့အားရဟန်းဝတ်ခွင့်မပေးခဲ့ခြင်းဖြစ်သည်။ ဆရာကြီးဘဝသည် လူသားများစွာတို့၏ ဘဝသာယာရေးနှင့် ကျန်းမာရေးတို့အတွက် သူ့ဘဝတခုလုံးအား မြှုပ်နှံထားခဲ့ရလေသည်။

## ဂီလာနပုဂ္ဂိုလ်သည် ရဟန်းပြုခွင့် ရှိပါသလော၊

တခါသော် မဂဓတိုင်းတွင် အနာကြီးရောဂါ၊ အနာ့ပဆုတ်ရောဂါ၊ အရေပြားရောဂါ၊ ဖျဉ်းကျရောဂါနှင့်အာရုံကြောအလုပ်မလုပ်သောရောဂါများ၊ ကူးစက်ပြန့်ပွားဖြစ်ပေါ်ခဲ့သည်။အိမ်ထောင်စုတစုတွင် တယောက်သို့မဟုတ်တယောက်သည် ရောဂါတခုခုကိုခံစားနေကြရသည်။လူတို့သည်ထိပ်လန့် တုန်လှုပ်လာကြပြီး အကူအညီပေးရန်တောင်းခံခဲ့ကြသည်။ နောက်ဆုံးတွင် ဇီဝကထံချဉ်းကပ်၍ ဆေးကုသပေးပါရန်နှင့် သူတို့၏ဘဝနှင့် အသက်ကို ကယ်တင်ပေးပါရန်တို့ကို တောင်းပန်ကြလေသည်။

Generated by CamScanner from intsig.com

ဇီဝကသည် ဤရောဂါများမှာ အစားအသောက် အနေအထိုင် မဆင်ခြင်မှု ကြောင့်ဖြစ်ကြောင်း၊ ထို့ပြင်လူတို့သည် သူတို့ကိုယ်သူတို့ ဆင်ခြင်နေထိုင်၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြပါလျှင် မကူးစက်၊မပြန့်ပွါးဘဲ ပျောက်ကင်းနိုင်ကြောင်းသိပါသည်။ ထို့ကြောင့်သူသည် လူများအား "မိတ်ဆွေတို့၊ ငါသည်အလွန်အလုပ်များပါသည်။ ကိစ္စများစွာလည်းရှိနေပါသည်။ ဘုရင် ဗိမ္ဗိသာရထံသို့လည်း ပုံမှန်ခစားဝင်ရပါသည်။ ထို့ပြင်ငါသည် မိဘုရားဆောင်နှင့် မောင်းမမိသံဆောင်တို့၏ ကျန်းမာရေးကိုလည်းစစ်ဆေးနေရပါသည်။ ထို့ပြင် ဘုရားရှင်နှင့်သံဃာတော်များကိုလည်း လစ်လျူရှုထား၍မရပါ။ ထို့ကြောင့် ငါသည် သင်တို့အား ဆေးကုပေးရန် အချိန်မပေးနိုင်ပါ၊" ဟူ၍ယဉ်ကျေးစွာ ငြင်းပယ်လိုက်လေသည်။

လူတို့သည်လည်း ဗုဒ္ဓ၏သံဃာတော်များသည် အလွန်ကံကောင်းကြ၏။ သူတို့၌ မည်သည့်အလုပ်ကြမ်းမျှလုပ်ရန်မလို။ သူတို့သည်အကောင်းဆုံး အစားအစာများနှင့် ကျောင်းဆောင်ကြီးများပေါ်တွင် အကောင်းဆုံးအိပ်ရာ များဖြင့်အိပ်ကြကုန်၏။ ငါတို့သည်လည်း ရဟန်းပြုကြကုန်အံ့ ဟု စဉ်းစားကြ လေသည်။

ဤသို့ရဟန်းဖြစ်လျှင် ဆရာကြီးဇီဝကသည် ငါတို့အားပြစ်ထား၍မရ။ ဆေးကု ပေးရပေလိမ့်မည်။ထိုသို့စဉ်းစားကြပြီးနောက် သူတို့သည် ကျောင်းတော်များသို့ သွားရောက်၍ရဟန်းပြုကြကုန်၏။ ထိုသူတို့ရဟန်းဖြစ်လာသောအခါ သူတို့ အား သံဃာတော်များသည်ပြုစုကြရကုန်၏။ ဆရာကြီး ဇီဝကသည်လည်း ဆေးကုပေးရလေတော့သည်။

ထိုကဲ့သို့ရောဂါရရှိနေသောသူတို့သည် အစုလိုက်အပြုံလိုက် ရဟန်းပြုကြကုန် လေ၏။ ထို့ကြောင့်သူတို့သည် သမားတော် ကြီးဇီဝက၏ ကုသခြင်းကို ခံယူခွင့်ရကြလေသည်။ တခါသော် ထိုသူတို့ထဲမှတဦးသည် ရောဂါပျောက်ကင်း သွားသောအခါ ရဟန်းအဖြစ်မှစွန့်လွှတ်၍ လူဝတ်ကြောင်ဘဝသို့ပြန်သွား ခဲ့သည်။ ဇီဝကသည် ထိုသူအားမြင်သောအခါ မှတ်မိသဖြင့်"ဘယ်လိုလဲ အရီယာ၊ သင်သည်တချိန်က ရဟန်းခံခဲ့သည်မဟုတ်လော။" ဟူ၍မေးလေ သော် ထိုသူလည်း ဟုတ်မှန်ကြောင်းဝန်ခံလေသည်။ " သို့ဆိုလျှင် မိတ်ဆွေ၊ သင်သည် အဘယ့်ကြောင့် ဤအမှုကို (ရဟန်းအဖြစ်မှ လူထွက်ခြင်းအမှု) ပြုရပါသနည်း။" ထိုသူလည်း သူ၏အဖြစ်မှန်ကို ဆရာကြီးအား ပြောပြခဲ့သည်။ ထိုအကြောင်းကိုကြားသည်ရှိသော် ဆရာကြီးသည် အလွန်တုန်လှုပ်သွား၏။



ထိုကဲ့သို့သောသူများကို လည်းအလွန်ပင်ပြစ်တင်ကဲ့ရဲမိ၏။ သူသည်အလွန်ပင် ဝမ်းနည်းသွားပြီး ထိုသူတို့၏အယောင်ဆောင်လုပ်ရပ်များကို စက်ဆုတ်ရွံရှာ မိလေသည်။ သူသည်ဘုရားသခင်ထံသို့ သွား ရောက်၍ ရိုသေစွာရှိခိုးဦးချပြီး "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အကယ်၍ဤရောဂါငါးမျိုး ခံစား နေရသော သူများအား ရဟန်းခံခွင့်မပေးသော သံဃာ၌ မည်သို့သော အပြစ် များဖြစ်နိုင်ပါသနည်း၊"ဟုလျှောက်ထားလိုက်သည်။ မြတ်စွာဘုရားသခင်သည် ဇီဝကအားကိုယ်ကျင့်တရားနှင့် သက်ဆိုင်သောပုံဝတ္ထုတခုကို ပြောပြ၍ သံဃာတို့အား ဤရောဂါငါးမျိုးရှိသော သူများကို ရဟန်းပြုခွင့်မပေးရန်နှင့် သာသနာ့ဘောင်၌ဝင်ခွင့်မပေးရန် သိက္ခာပုဒ်ပြဋ္ဌါန်းလိုက်လေသည်။ အကယ်၍ သံဃာတော်တပါးပါးသည် ဤရောဂါငါးမျိုးရှိသူတဦးဦးအား ရဟန်းပြုပေး ပါက(Dukkat Dosha) ပါစိပ်အာပတ်သင့်စေဟူ၍ သိက္ခာပုဒ်ပြဋ္ဌါန်း လိုက်သည်။ ဤသို့ပညပ်ရခြင်းအကြောင်းမှာ သံဃာတော်တို့သည် လူသတ္တဝါအပေါင်းတို့၏ အကျိုးအတွက် တရားဟော၊တရားကျင့်ဖြင့် အလုပ်များရသည့်အထဲတွင် ထိုရောဂါရှင် တို့ကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အတွက်ပင်ဖြစ်ပါသည်။ ထိုသို့ဇီဝကကိုအကြောင်းပြု၍ ရောဂါသည်များသည် ရဟန်းအဖြစ်မရနိုင်ဟူသော သိက္ခာပုဒ်ကို ပညတ်ခဲ့လေသည်။

အနောက်တိုင်းဆေးပညာကိုသာ အထင်ကြီးကြသော မိမိ၏ကိုယ်ပိုင်ယဉ်ကျေး မှုနှင့် လူနေမှုအဆောက်အအုံ၏ တိုးတက်ခဲ့မှုများကို မယုံကြည်ပြစ်ပယ်ခဲ့သော လူများနှင့် အင်အားစုများကြောင့် အိန္ဒိယနိုင်ငံ၏အမျိုးသားရေးနှင့် အတတ် ပညာများစွာမှာကွယ်ပျောက်ခဲ့ရလေသည်။

အမှန်စင်စစ် ခွဲစိတ်ကုပညာမှာ ဗုဒ္ဓအချိန်ကာလတွင် စတင်တီထွင်ခဲ့ခြင်း ဖြစ်သည်။ ဗုဒ္ဓမတိုင်မီကာလမှစတင်၍ အိန္ဒိယ၌ တည်ရှိပြီးဖြစ်ကြောင်းရေးသား ကြသည်မှာ အထောက်အထားမခိုင်လုံကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ ဤခွဲစိတ်ကုပညာသည် ဗုဒ္ဓယဉ်ကျေးမှု၏အမွေအနှစ်တခုဖြစ်သည်။ ဆရာကြီး ဇီဝက အောင်မြင်စွာခွဲစိတ်ခဲ့ရသောရောဂါများသည် ယခုတိုးတက်သော ခေတ် အခါ၌ဆေးဝါးဖြင့်ပင်ကုသပျောက်ကင်းနိုင်ကြောင်းတွေ့နိုင်ပေသည်။ ထို့ကြောင့် လည်း ဗုဒ္ဓသည် ဇီဝကအားခွဲစိတ်ခြင်းထက် ဆေးဝါးဖြင့်ကုသသင့်ကြောင်း အကြံပြုခဲ့ခြင်းဖြစ်လေသည်။ ခွဲစိတ်ကုသခြင်းသည် သဘာဝဓမ္မဆေးပညာနှင့် ဆေးဝါးထက်ပိုကောင်းပါသည်ဆိုခြင်းသည် အတိအကျမှန်ကန်သော၊ လက်ခံ နိုင်ဘွယ် ဖြစ်သောအယူအဆ မဟုတ်ပါ။ ဤတိုင်းရင်းဆေးသိပ္ပံပညာသည်

အသောကခေတ်တွင် အထွင့်အထိပ်သို့ရောက်ရှိခဲ့ပါသည်။ အသောကမင်းကြီးသည် နိုင်ငံတဝှန်း၌ အခမဲ့ဆေးကုခန်းများကို လူထုအတွက် ဖွင့်ထားပေးခဲ့သည်။ ဤလုပ်ရပ်သည် ဆေးသိပ္ပံပညာတိုးတက်မှုတခုတည်းကိုသာ ပြသခြင်းမဟုတ်ဘဲ အသောကမင်းတရားကြီး၏ ကြီးမားသောမေတ္တာ၊ စေတနာ၏ ပြယုတ်လည်းဖြစ်ပါသည်။ အိန္ဒိယတွင် ဗုဒ္ဓဝါဒမှေးမှိန်လာသည်နှင့်အမျှ အာယုဗေဒဆေးသိပ္ပံပညာသည်လည်း မှေးမှိန်ခဲ့ရပြီး လူနည်းစု၏ ထိန်းသိမ်းထားနိုင်မှုတခုကြောင့်သာ ဆက်လက်တည်ရှိနေခြင်းဖြစ်သည်။ ယခုအခါတွင်ရဟန်းတော်အချို့နှင့် ဗိန္ဒောဆရာအချို့တို့သာလျှင် အာယုဗေဒ ဆေးကျမ်းကို နားလည်တတ်ကျွမ်းကြတော့သည်။

"အနာရောဂါသည်သင့်အားဒုက္ခပေးခြင်းမဟုတ်၊ သတိပေးခြင်းသာဖြစ်သည်။ မွေးဖွားခြင်းနှင့်သေဆုံးခြင်းဟူသော ဘဝသံသရာအတွင်း မိန်းမောနေသော လူသားတို့အား မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်နိုင်ရန် ကြေးမုံပြင် တချပ်ပမာဖြစ်၏။ မွေးဖွားခြင်းသည်ဆင်းရဲ၏။ အနာရောဂါသည်ဆင်းရဲခြင်း၏ သက်သေပင်ဖြစ်သည်။" -အဘိဓမ္မပိဋက။

"A disease is not a curse, it is a warning. It is a mirror of self-examination for the man who is confounded by the wheel of life and death. Birth is sorrow, and disease proclaims it"
from- Abhidhamma Kosha.

ဤသို့ အလွန်တန်ဘိုးကြီးလှသော အာယုဗေဒဆေးသိပ္ပံပညာကို အများကမေ့လျော့ထားကြသည်မှာ အလွန်နှမြော ဝမ်းနည်းစရာကောင်းပါသည်။ မမေ့ထိုက် မမေ့အပ်သော အာယုဗေဒဆေးသိပ္ပံပညာကို တိုင်းပြည်နှင့်လူထုက မေ့လျော့ခြင်းအဖြစ်သို့ရောက်အောင်တွန်းချလိုက်ခြင်းသည် အဘယ်မျှဆိုးဝါးလေသနည်း။ မည်သို့သောခက်ထန်မှုမျိုးပေနည်း။
ကျွန်ုပ်တို့သည် ကြီးကျယ်မြင့်မြတ်သော ခွဲစိတ်ကုနှင့် အတုမဲ့ ဆေးသိပ္ပံသမားတော်ကြီးဆရာကြီးဇီဝကကို ဦးညွတ်ဂါရဝပြုကြပါစို့။ သူ၏မြင့်မြတ်ကျက်သရေရှိသော ပညာနှင့်သမိုင်းကို ပြန်လည်ဖေါ်ထုတ်ကြပါစို့။

ဘဝတုသဗ္ဗမင်္ဂလံ
သဗ္ဗေသတ္တာ ဝေနေယျာ ကျန်းမာကိုယ်စိတ်မြဲပါစေ။

Bhavatu Sabbamanglang
(May all beings be happy.)

## ဘာသာပြန်ဆိုသူ၏နိဂုံးချုပ်ပန်ကြားချက်

ကျွန်ုပ်သည် အိန္ဒိယနိုင်ငံတွင်နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပါသည်။ ဗုဒ္ဓဂါယာနှင့်ဆိုပါက တညအိပ်ခရီးမျှသာဝေးကွာပါသည်။သို့သော်ယနေ့အထိ ဗုဒ္ဓဂါယာသို့သွားရောက်မဖူးမျှော်နိုင်ခဲ့သေးပါ။ မည်မျှအကုသိုလ်ကြီးမားလိုက်ပါသနည်း။ ပါရမီ အဆက်ဆက်နည်းလှချေသည်။

ဘာသာရေး၌အလွန်စိတ်ဝင်စားသော်လည်း လေ့လာယုံ အဆင့်၌သာရှိပါသေးသည်။ လက်တွေ့၌မူကား ကိစ္စများမြောင် လူတို့ဘောင်အတွင်း စုန်ဆန်ယင်းဖြင့် သံသရာကို အလျှားလိုက်လက်ပြစ်ကူးနေဆဲပင်။ ကြံ့စည်သမျှသည်လည်း အရာမထင်နိုင်ပဲဖြစ်နေပါသည်။ သို့ဖြစ်ရကား ပါရမီတခုတော့ဖြင့် ဖြစ်သည့်နည်းဖြင့် ဖြည့်ဆည်းရန် ဆုံးဖြတ်မိပါသည်။

အခြားတဘက်တွင်လည်း ကျွန်ုပ်တို့မြန်မာနိုင်ငံ၌သိရှိ ယုံကြည်ထားကြသော ဗုဒ္ဓဝင်သမိုင်းနှင့် အကြောင်းအရာတို့သည် အိန္ဒိယနိုင်ငံ၏ဒေသ၊ အခေါ်အဝေါ်၊ အကြောင်းဖြစ်ရပ်တို့နှင့် များစွာကွာခြားနေကြောင်း လေ့လာတွေ့ရှိနေရပါသည်။ ထိုကွာဟချက်များကိုစာဖတ်သူတို့ကိုယ်တိုင်နှိုင်းယှဉ် ပြီးလေ့လာသည်ရှိသော်ပို၍ သင့်မြတ်ပေလိမ့်မည်ဟု ယူဆမိပါသည်။ဤစာအုပ်ကိုရေးသားသော မူရင်းစာရေးဆရာကြီး နှင့်ကျွန်ုပ်မကြာခဏတွေ့ဆုံ၍ ဗုဒ္ဓအပေါ် အမြင်ကို ဆွေးနွေးဘူးပါသည်။

အယူအဆပိုင်းတွင် များသောအားဖြင့် အရှေ့တိုင်း၌ဗုဒ္ဓကို **ကောင်းကင်ဘုံမှ ဆင်းသက်လာသော သီးသန့်တန်ခိုးရှင်** ပမာမြင်ကြသူများပါသည်။ လူနည်းစုနှင့် အနောက်တိုင်းသားများကမူ ဗုဒ္ဓအား **လူသားဆန်သော မဟာလူသား** အဖြစ် အလွန်တန်ဘိုးထားကြပါသည်။

ဗုဒ္ဓအားကြည်ညိုတန်ဘိုးထားသည်ခြင်းအတူတူ ယူဆပုံခြင်း ကွဲပြားသည်ကိုတွေ့ရှိရပါသည်။ ကျွန်ုပ်အနေနှင့်မူ **အကာသားထက် အနှစ်သည်သာ ပဓာန** ဟုဆိုချင်ပါသည်။ ရှေ့ဆက်၍ ဘာသာပြန်ချင်သော စာအုပ်များစွာရှိပါသေးသည်။ အချို့မှာပြန်ဆဲဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ဟိန္ဒူအယူဝါဒအလွန်ပြင်းထန်သော နိုင်ငံဖြစ်ပါသည်။ လူဘုရားနတ်ဘုရားနှင့်တိရိစ္ဆာန်ဘုရား စသည်ဖြင့် ဘုရားပေါင်းလည်း ကုဋေနှင့်ချီ၍ရှိလေသည်။ အယူဝါဒပေါင်းလည်း ထောင်ချီ၍ရှိလေသည်။ ထိုအထဲတွင် ဗုဒ္ဓဘာသာသည် သီးခြားအယူဝါဒဖြင့် သီးသန့်ရပ်တည်ခဲ့ပါသည်။ဗုဒ္ဓဘာသာအားနည်းမျိုးစုံဖြင့်ဟိန္ဒူအယူဝါဒအတွင်း ဆွဲသွင်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပါ။ ထိုသို့ဆွဲမရသောအခါ ရသည့်နည်းလမ်းမျိုးစုံဖြင့် ခွဲခြားကြလေတော့သည်။ ဤသည်ပင် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာ ကွယ်ပျောက်ရခြင်း အကြောင်းရင်းတရပ်ဖြစ်လေတော့သည်။

ဤသို့သော မူရင်းဖြစ်စဉ်အကြောင်းရင်းများကို ဒေသခံတို့မှ တခုခြင်း ဖေါ်ထုတ်ရေးသားလာကြသည်ကို ကျွန်ုပ်တို့အနေဖြင့်လှ့လာသင့်သည် ဟုယူဆမိပါသဖြင့် ဤစာအုပ်များကိုဘာသာပြန်ဆိုရန် စိတ်ဝင်စားမိခြင်း ဖြစ်ပါသည်။ အကြောင်းအရာနှင့်ယူဆချက်များမှာ စာရေးဆရာ၏ မူပိုင် ဖြစ်ပါသည်။ အကယ်၍ ပါဠိစာပေနှင့်မြန်မာစာသား ချို့ယွင်းချက်၊ အမှားများရှိခဲ့ပါသော် ဘာသာပြန်ဆိုသူ၏ နုနယ်သော အတွေ့အကြုံကြောင့်ဟု ခွင့်လွှတ်ပေးကြပါရန် အနူးအညွှတ်တောင်းပန်အပ်ပါသည်။

ဇေယျာထူး
ဘာသာပြန်ဆိုသူ



## BUDDHA'S TEACHING

Let you not fear confronting a lion,
It is the test of valour.
Let you not fear confronting the sword,
It is the test of sacrifice.
Let you not fear plunging down the,
mountain peak into the abyss,
It is the test of penance.
Let you not fear confronting the raging flames,
It is the golden test.
But, you must ever fear the intoxicating drink, as
It engenders evil, poverty and turpitude.

**—Lord Buddha**

Generated by CamScanner from intsig.com

## LIST OF ENGLISH BOOKS BY SAME AUTHOR

| | | |
|---|---|---|
| Ramabai Ambedkar | –S.S. Bauddh | 25 |
| Baba Saheb : As I know him | –S.S. Bauddh | 60 |
| Patacara (Illustrated) | –S.S. Bauddh | 25 |
| Khema (Illustrated) | –S.S. Bauddh | 20 |
| Suneet (Illustrated) | –S.S. Bauddh | 20 |
| Anathpindik (Illustrated) | –S.S. Bauddh | 25 |
| Bhadra Kundal Kesa | –S.S. Bauddh | 20 |
| Kisa Gotmi (Illustrated) | –S.S. Bauddh | 25 |
| Angulimal (Illustrated) | –S.S. Bauddh | 40 |
| Jeevak (Illustrated) | –S.S. Bauddh | 35 |
| Bhagwan Buddha (Illustrated) | –S.S. Bauddh | 60 |
| Sujata (Illustrated) | –S.S. Bauddh | 35 |
| Ananda (Illustrated) | –S.S. Bauddh | 40 |
| Visakha (Illustrated) | –S.S. Bauddh | 40 |
| Upali (Illustrated) | –S.S. Bauddh | 30 |
| Cinca (Illustrated) | –S.S. Bauddh | 30 |
| Mahamaya (Illustrated) | –S.S. Bauddh | 40 |
| Mahapajapati Gotami ( " ) | –S.S. Bauddh | 40 |
| Kalandaknivapa (Illustrated) | –S.S. Bauddh | 50 |
| Ambapali (Illustrated) | –S.S. Bauddh | 50 |
| Devadatta (Illustrated) | –S.S. Bauddh | 50 |
| Yasodhara (Illustrated) | –S.S. Bauddh | 50 |
| Rahula Bhadda (Illustrated) | –S.S. Bauddh | 50 |
| Seniya Bimbisar (Illustrated) | –S.S. Bauddh | 50 |
| Buddha's Life in Pictures | –S.S. Bauddh | 75 |
| Sarnath (Illustrated) | –S.S. Bauddh | 100 |
| Bodhgaya (Illustrated) | –S.S. Bauddh | 100 |
| Life of Buddha (Miniature) | –S.S. Bauddh | 10 |

Generated by CamScanner from intsig.com